# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၃၄၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# သစ်တောများပြုန်းတီးလာခြင်းသည် ရေအရင်းအမြစ်ရရှိခြင်းကို ထိခိုက်စေနိုင်သဖြင့် ရေလှောင်တမံရေဝေရေလဲဧရိယာအတွင်း စိုက်ခင်းများပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးထုတ်လုပ်ခြင်းများ လုပ်ကိုင်မှုမရှိစေရန် ထိရောက်စွာ ကြပ်မတ်တားမြစ်ရမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဆင်လမ်းရေလှောင်တမံနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ခရိုင် ဆင်လမ်းရွာ၏ မြောက်ဘက် (၂ ဒသမ ၅) မိုင်ခန့်အကွာရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ✪


**ယနေ့ ဖတ်စရာ**

တော်သလင်းမြစ်တွင်း သင်ဖြူးခင်း ဆောင်းပါး စာ - ၉

အင်အားပြင်း အပူပိုင်းမုန်တိုင်း "ချန်သူ" ဂျပန်နိုင်ငံ အနောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်နိုင် နိုင်ငံတကာသတင်း စာ - ၁၃

မြန်မာ့အလင်း

# သဘာဝပတ်ဝန်းကျင်မပျက် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်း

ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုတို့က တိုက်ရိုက်အချိုးကျသည်။ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်သည်နှင့် အမျှ သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှုတို့ရှိမည်ဆိုသော်လည်း နည်းနိုင်သမျှနည်းအောင် တတ်နိုင်သမျှ ဆောင်ရွက်ကြရသည်။ သဘာဝပတ်ဝန်းကျင်ဟုဆိုရာတွင် သစ်ပင်သစ်တောများ၊ တောင်ကုန်းတောင်တန်းများ၊ မြစ်ချောင်းအင်းအိုင် ရေတံခွန်၊ ရေအရင်းအမြစ်များ၊ သားငှက်တိရစ္ဆာန်များနှင့်တကွ ဒေသတစ်ခု၏ သဘာဝသွင်ပြင်လက္ခဏာများ အားလုံးပါဝင်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၅ တွင် "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်" ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၉၀(ခ) တွင်လည်း နိုင်ငံသားတိုင်းက နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည့်ကိစ္စရပ်များအနက် "သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း" ဟူသောကိစ္စရပ်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်သည် ခိုင်မာသော သန္နိဋ္ဌာန်ကို ချမှတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းထားသည့်တိုင် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကို ဆန်းစစ်ချက်အရ မြန်မာနိုင်ငံသည် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို ကောင်းမွန်စွာ လိုက်နာကျင့်သုံးနိုင်မှုတွင် အဆင့် ၁၃၈ ၌သာ ရှိနေရာ မိမိတို့အားလုံး များစွာကြိုးပမ်းကြရဦးမည်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ရွှေနှင့် ဓာတ်သတ္တုတူးဖော်မှု၊ သစ်ထုတ်ယူမှု၊ မြို့ရွာများတိုးချဲ့လာမှု၊ လမ်းတံတားများနှင့် အဆောက်အအုံများ ဆောက်လုပ်မှု စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးမှု များစွာဖြစ်ပေါ်လျက်ရှိရာတွင် ပြန်လည်ကုစားနိုင်မှုမှာ ဆုံးရှုံးမှုပမာဏနှင့် နှိုင်းယှဉ်ပါက မရှိသလောက် နည်းပါးလှသည်။ သစ်တောများ ပြုန်းတီးသွားခြင်း၊ ရေအရင်းအမြစ်များ ခန်းခြောက်သွားခြင်း၊ မြစ်ချောင်းများ ပို့ချမှုများပြီး အချို့ပျောက်ကွယ်သွားခြင်းနှင့် ရလဒ်အဖြစ် ရာသီဥတုဖြစ်စဉ်များ ပြောင်းလဲခြင်း၊ ပို၍ ပြင်းထန်လာခြင်း၊ အပူရှိန်မြင့်တက်လာခြင်းတို့နှင့် ရင်ဆိုင်လာရသည်။ ရေဝေရေလဲဒေသ သစ်တောများ ပြုန်းတီးခြင်းနှင့် ရေထွက်များ ခန်းခြောက်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ခရီးသည်တို့အကြားတွင် ကျော်ကြားသည့် အင်းလေးကန်၊ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စသည်တို့တွင် ရေလျော့နည်းခန်းခြောက်မှုတို့ ဖြစ်ပေါ်ခဲ့သည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ခဲ့ရသည်။ ယင်းမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို လက်တွေ့ကျကျ လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း အချက်ပြမှုများ ထွက်ပေါ်လာနေခြင်းဟု ဆိုရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်နေရဦးမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို လျစ်လျူရှုထားခဲ့၍မရဘဲ အသေးစိတ်ထည့်သွင်းစဉ်းစားပြီး ထိခိုက်ဆုံးရှုံးမှုမှ ရှောင်ရှားနိုင်သမျှ ရှောင်ရှားသွားကြရမှာလည်း ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်မပျက် ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများကို ကျင့်သုံးနိုင်ခြင်းဖြင့် သားရွှေအိုးထမ်းသည့်ပုံပမာ အကျိုးနှစ်ရပ် ပြည့်စုံမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဆင်အုံကန်ပြန်လည်ပြုပြင် ရေကူးရေတင် ပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေပေးဝေရေးစက်ရုံများသို့ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၆

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)မှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဒက္ခိဏသီရိမြို့နယ်ရှိ ဆင်အုံကန်မှ ရန်အောင်မြင် သဲရေစစ်ကန်သို့ ရေကူးရေတင် ၁၂ လက်မ HDPE (OD 355mm) အရှည် ပေ ၂၉၀၀၀ ရှိ ပိုက်လိုင်းနှစ်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ဆင်အုံကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေပေးဝေနိုင်မည့် အခြေအနေ များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ်အတွင်း ရေပေးဝေဖြန့်ဖြူးလျက်ရှိသည့် နန်းဦးရေပေးဝေရေးစက်ရုံသို့ သွားရောက်ကာ သောက်သုံးရေ ပေးဝေရာတွင် ပိုးမွှားများ ပေါက်ပွားမှုမရှိစေရေး သတ်မှတ်စံနှုန်းများအတိုင်း CHLORINE DOSING PUMP ဖြင့် ကလိုရင်းဆေးခတ် ဆောင်ရွက်နေမှုနှင့် ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်

ပြည် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ဝန်ထမ်းမိသားစုဝင် ၂၆ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ပြည်မြို့နယ်၌ ပန်းခင်းစီမံချက်ကာလအတွင်း မြို့ပေါ်ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအုပ်စု ၅၅ အုပ်စု စုစုပေါင်း ၆၉ အုပ်စုရှိ လူဦးရေ ၅၆၀၅ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ဆောင်ရွက်ပေးရန် လျာထားပြီး လက်ရှိအခြေအနေတွင် ၉၁၂ ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးဇော်နိုင်သန်းက ပြောသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသူနိုင်ငံသားအားလုံး နိုင်ငံသားအခွင့်အရေးနှင့် လူမှုဘဝပြည့်စုံမှုရှိစေရေးအတွက် နိုင်ငံသားတိုင်း ကိုင်ဆောင်ရရှိထားသင့်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို သတ်မှတ်ချက်များနှင့် ကိုက်ညီသူများထံ လက်ဝယ်အရောက် ပြုလုပ်ဆောင်ရွက်ပေးနိုင်ရန် ပန်းခင်းစီမံချက်ဖြင့် ယခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူများထံအရောက် နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၆-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 2 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 3 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 4 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 5 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 6 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 7 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 8 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 9 | Injection – Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 10 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်ခရိုင် ဆင်လမ်းရွာ၏ မြောက်ဘက် (၂ ဒသမ ၅) မိုင်ခန့်အကွာရှိ ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*❂ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများက သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးမှု ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ ရေလှောင်တမံစီမံကိန်းဆောင်ရွက်ခဲ့မှု၊ ရေလှောင်တမံကြံ့ခိုင်မှုရှိစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နေ့စဉ်သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့် မိုးရွာသွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ထိရောက်စွာ ကြပ်မတ်တားမြစ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆင်လမ်းရေလှောင်တမံသည် ပြင်ဦးလွင်မြို့အနီးဝန်းကျင်၌ လိုအပ်သည့် သောက်သုံးရေများဖြန့်ဝေပေးနိုင်ရေး လုပ်ဆောင်ထားခြင်းဖြစ်သဖြင့် ရေလှောင်တမံရေရှည်တည်တံ့ရေးအတွက် လိုအပ်သည့် ကြံ့ခိုင်မှု စစ်ဆေးခြင်းများကို အမြဲမပြတ်ကြည့်ရှုစစ်ဆေးနေရမည်ဖြစ်ကြောင်း၊ သစ်တောများပြုန်းတီးလာခြင်းသည် ရေအရင်းအမြစ် ရရှိခြင်းကို ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ရေလှောင်တမံဧရိယာအတွင်း စိုက်ခင်းများပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးထုတ်လုပ်ခြင်းများ လုပ်ကိုင်မှုမရှိစေရန် အသိပညာပေးခြင်းများ လုပ်ဆောင်၍ ထိရောက်စွာကြပ်မတ်တားမြစ်ရမည်ဖြစ်ကြောင်း၊ ရာသီသီးနှံစိုက်ခင်းများသည်လည်း ရေဝေ၊ ရေလဲ ဧရိယာရှိမြေဆီလွှာကို ပျက်စီးစေနိုင်သောကြောင့် ရေလှောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

တမံ ဧရိယာအတွင်းရှိ သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေလှောင်တမံကြံ့ခိုင်မှုကို စစ်ဆေးခြင်းများအပြင် ဒေသခံများ၏ ရေလိုအပ်ချက် ပမာဏမြင့်မားလာပါက ရေလှောင်တမံအား ထပ်မံအဆင့်မြှင့်တင် သိုလှောင်နိုင်ရေးနှင့် စနစ်ကျနစွာ ရေပေးဝေနိုင်ရေးအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာ ကြိုတင်မျှော်မှန်း တွက်ချက်ခြင်းများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း မှာကြားသည်။

**❂ ရာသီသီးနှံစိုက်ခင်းများသည်လည်း ရေဝေ၊ ရေလဲဧရိယာရှိမြေဆီလွှာကို ပျက်စီးစေနိုင်သောကြောင့် ရေလှောင်တမံဧရိယာအတွင်းရှိ သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်**

**❂ ရေလှောင်တမံကြံ့ခိုင်မှုကို စစ်ဆေးခြင်းများအပြင် ဒေသခံများ၏ ရေလိုအပ်ချက် ပမာဏမြင့်မားလာပါက ရေလှောင်တမံအား ထပ်မံအဆင့်မြှင့်တင် သိုလှောင်နိုင်ရေးနှင့် စနစ်ကျနစွာ ရေပေးဝေနိုင်ရေးအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာ ကြိုတင်မျှော်မှန်း တွက်ချက်ခြင်းများကိုဆောင်ရွက်**

**တာဝန်ရှိသူများအား မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပေးဝေရေး ပိုက်လိုင်းလမ်းကြောင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဆွေးနွေးဆောင်ရွက်သည်။

**မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှု**

ထို့နောက် ဆင်လမ်းရေလှောင်တမံနှင့် ပြင်ဦးလွင်မြို့ ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်လျှောက်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

*စာမျက်နှာ ၄ သို့*

“အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပြင်ဦးလွင်သည် ခွဲခြား၍ရနိုင်မည်မဟုတ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနေသည့် ဥယျာဉ်ကြီးဖြစ်သည့်အတွက် ဥယျာဉ်သာယာလှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်”

*စာမျက်နှာ ၃ မှ*

လုပ်ဆောင်နိုင်မည့်အခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး လုပ်ဆောင်နိုင်မည့်အခြေအနေတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဥယျာဉ် ရှင်းလင်းဆောင်ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝ ရေထွက်များမှ ရေထွက်ရှိမှု မရှိခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှုအားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ထိုသို့ကြုံတွေ့ခဲ့ရမှုကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်သည့် ရေဝင်ပေါက်များ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများနှင့် ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လျက်ရှိသည့် အခြေအနေ၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အလေးထားဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပြင်ဦးလွင်သည် ခွဲခြား၍ရနိုင်မည်မဟုတ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုနေသည့် ဥယျာဉ်ကြီးဖြစ်သည့်အတွက် ဥယျာဉ်သာယာ လှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ ကန်များရေခန်းခြောက်မှုများကို ကာကွယ်နိုင်ရေးအတွက် ရေရရှိနိုင်မည့် ရေဝင်လမ်းကြောင်းများကို အမြဲမပြတ်စစ်ဆေး ထိန်းသိမ်းနေမှသာလျှင် ရေစီးဆင်းမှုကောင်းမွန်မည်ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနကလည်း ပြုန်းတီးသစ်ပင်များနေရာတွင် အစားထိုး ပြန်လည်စိုက်ပျိုး လုပ်ဆောင်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့၌ ယခင်က အရိုပ်မဲ့ကော်ဖီစိုက်ပျိုးခြင်းများ လုပ်ဆောင်ခဲ့ရာမှ သစ်ပင်သစ်တောများ ပြုန်းတီးမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများတွင် စိုက်ပျိုးရေးလုပ်ဆောင်ခြင်းမရှိဘဲ လူနေထိုင်ခြင်း၊ ကွန်ကရစ်လမ်းများခင်းခြင်း၊ ရေထွက်ပေါက်များမထားရှိဘဲ အပိတ်ပုံစံဖြင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းများကြောင့်လည်း ရေအရင်းအမြစ်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရေး စနစ်တကျကြပ်မတ် ထိန်းသိမ်း လုပ်ဆောင်ကြရန်လိုကြောင်း၊ ဥယျာဉ်အတွင်းရှိ ကန်များမှ ရေစိမ့်ထွက်မှုမရှိစေရေးနှင့် ပြုန်းတီးမှုမဖြစ်ပေါ်စေရေးအတွက်လည်း နည်းပညာပိုင်းဆိုင်ရာများအရ တွက်ချက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကန်တော်ကြီးဥယျာဉ်သို့ ရေဝင်လမ်းကြောင်းတစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့နယ် ညောင်နီကျေးရွာရှိ သဘာဝစိမ့်စမ်းရေထွက်ပေါက်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးဥယျာဉ်သို့ ရေဝင်လမ်းကြောင်းတစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့နယ် ညောင်နီကျေးရွာရှိ သဘာဝစိမ့်စမ်းရေထွက်ပေါက်နေရာနှင့် ကန်တော်ကြီးပတ်လမ်းရှိ ရေဝင်ရောက်ရာလမ်းကြောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေလမ်းကြောင်း ထိခိုက်မှုမရှိစေရန် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၂၃) ကြိမ်မြောက် အာဆီယံငွေပေးချေမှုစနစ်ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

(၂၃) ကြိမ်မြောက် အာဆီယံ ငွေပေးချေမှုစနစ်ဆိုင်ရာလုပ်ငန်းကော်မတီ (Working Committee On Payment and Settle- ment System - WCPSS) ကို ယမန်နေ့ နံနက်ပိုင်းတွင် Video Conference ဖြင့် ကျင်းပရာ အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက စင်ကာပူဗဟိုဘဏ်နှင့်တွဲဖက်၍ Co-chair အဖြစ် ဆောင်ရွက်ပြီး၊ ဗဟို ဘဏ်မှ သက်ဆိုင်ရာ အဆင့်မြင့်အရာရှိများ၊ အရာထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း ဗဟိုဘဏ်များမှ ကိုယ်စားလှယ်အရာရှိများ၊ အာဆီယံအတွင်းရေးမှူး၊ အာဆီယံ ဘဏ်များအသင်း ကိုယ်စားလှယ်၊ Bank for International Settlement (BIS) ကိုယ်စားလှယ်တို့က အာဆီယံဒေသတွင်း ငွေပေးချေမှုစနစ်များအချိန်နှင့်တစ်ပြေးညီ (Real Time) ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (၂၀၂၅) ဆိုင်ရာ Update အချက်အလက်များ၊ အာဆီယံဒေသတွင်း QR ဖြင့် အပြန်အလှန်ချိတ်ဆက် ပေးချေနိုင်မည့် Interoperable QR Code Framework၊ BIS မှ အဆိုပြုတင်ပြသည့် လက်လီငွေပေးချေမှု များကို အချိန်နှင့်တစ်ပြေးညီ နိုင်ငံဖြတ်ကျော်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် Innovative Hub စသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၅ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ ပြန်လည် ဝင်ရောက်လာသည့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၈ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၅၄ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၂၉ ဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၁၄၅ ဦး၊ အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၁၉၈ ဦးတို့ကို လည်းကောင်း အသီးသီး လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် -၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ပြင်ဦးလွင်မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်း လုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ပြင်ဦးလွင်မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်ကျေးရွာအုပ်စု စီမံခန့်ခွဲရေး ကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဒေသဖွံ့ဖြိုးရေးများ တင်ပြ**

ထို့နောက် အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာများနှင့် မြို့ပြအိမ်ရာ စီမံကိန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြသည်။

**ကူးစက်မှုနှုန်း ကျဆင်းလျက်ရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်ခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်များကို တွေ့ဆုံဆွေးနွေးလိုသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အခြားကမ္ဘာ့နိုင်ငံများနည်းတူ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်မှုနှုန်း မြင့်မားစွာ ဖြစ်ပေါ်ခဲ့ပြီး ပြင်ဦးလွင်ခရိုင်ကိုလည်း ကူးစက်ဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့်အတွက် ဇူလိုင်လကတည်းက နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရသူအနေဖြင့် စက်တင်ဘာ ၁၅ ရက်နေ့အထိ ၄ သိန်း ၃ သောင်းကျော်ရှိပြီဖြစ်ပြီး ကူးစက်မှုနှုန်း ယခင်ကထက် ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပညာရေးမြို့တော်ဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် စီးပွားရေးအခြေအနေများ အရှိန်အဟုန် ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာမှသာလျှင် တင်းကျပ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးရမည်ဖြစ်သဖြင့် ရောဂါ ကူးစက်ဖြစ်ပွားမှု လျော့ကျလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ကိုဗစ်-၁၉ တတိယလှိုင်းသည် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဖြစ်ပွားမှုနှုန်း မြင့်မားလာခဲ့သဖြင့် ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာမှုကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင်ဦးဆောင်၍ ဗဟိုအဆင့် စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခဲ့ကာ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ပြုလုပ်ပြီး ဖိဖိစီးစီး ထိထိမိမိဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကျဆင်းလျက်ရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့ပြည်နယ်နှင့် တိုင်းများတွင် ကူးစက်မှုနှုန်း များပြားလျက်ရှိနေသည်ကို တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်မှုစစ်ဆေးရာတွင် နယ်ပယ်ပေါင်းစုံတွင် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး စာရင်းဇယားအားဖြင့်သာ ကူးစက်မှုအရေအတွက် ကျဆင်းခြင်းမဟုတ်ဘဲ မြေပြင်အမှန်တကယ်ကျဆင်းမှုဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ကဏ္ဍပေါင်းစုံတွင် နစ်နာမှုများ မဖြစ်ပေါ်ရန်လို**

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများကို ယခုနှစ် အစောပိုင်းကာလများကတည်းက အလေးထား ဆောင်ရွက်ခဲ့သော်လည်း ကျန်းမာရေးဝန်ထမ်း အခက်အခဲများကြောင့် ဖိဖိစီးစီးဆောင်ရွက်နိုင်မှု အားနည်းမှုများရှိခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည် ဖြစ်ကြောင်း၊ မသမာသောသူများ၏ ခြိမ်းခြောက်မှုများအရ အစိုးရကို ဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ တာဝန်ဝတ္တရား လစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေး ခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် နစ်နာမှုများ မဖြစ်ပေါ်ရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများကို ကြေညာချက်များထုတ်ပြန်၍ ပြန်လည်ထမ်းဆောင်နိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ကာကွယ်ဆေးများ ရရှိရေးအတွက်လည်း အထူးအလေးထား လုပ်ဆောင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေးများ ဝယ်ယူရရှိစေရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးများ ဆက်တိုက်ရောက်ရှိလာလျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ဆေးထိုးပြီးဖြစ်စေရေး မျှော်မှန်း လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် အောက်ဆီဂျင် လိုအပ်ချက်များကိုလည်း မရ ရသည့် နည်းလမ်းများဖြင့် ပြည်ပမှ မှာယူခြင်း၊ ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်ခြင်းများဖြင့် ဘက်ပေါင်းစုံမှရရှိနိုင်ရေး ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် လိုအပ်ချက်ပမာဏထက် ပိုမိုစွာ ထုတ်လုပ်နိုင်လျက်ရှိကြောင်း။

**တစ်ဦးချင်း ဝင်ငွေရရှိရေး**

မန္တလေးတိုင်းဒေသကြီးနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးကျဆင်းမှုများကို ဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အဓိက လိုအပ်ချက်ဖြစ်သည့် တစ်ဦးချင်း ဝင်ငွေရရှိရေးကို ဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလုပ်ဆောင်ရန် မြေနေရာ၊ အခွင့်အလမ်းနှင့် ဈေးကွက်ရှိပြီးသားဖြစ်သဖြင့် စနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး တစ်ဧကလျှင် တင်း ၁၀၀ ထွက်မည် ဆိုပါက လူဦးရေ သန်း ၁၀၀ စာဖူလုံမည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

မန္တလေးတိုင်းဒေသကြီး၌ စပါးစိုက်ဧက ၇ သိန်းခန့်ရှိပြီး လူဦးရေ ၆ သန်းခန့်ရှိပြီး ဆန်ဖူလုံမှု ၅၀ ဒသမ ၃ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရကြောင်း၊ အထွက်နှုန်း တိုးပွားအောင် စိုက်ပျိုးမြေဧက တိုးချဲ့စိုက်ပျိုးပါက မြေဧကအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေး အသိပညာ ဗဟုသုတများ တိုးပွားအောင် လုပ်ဆောင်ပေးကြရမည် ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြား ပဲနှင့် ဆီထွက်သီးနှံများမှ ဝင်ငွေရရှိနိုင်သည် ဖြစ်သော်လည်း ရသည့်ဝင်ငွေဖြင့် ပြင်ပမှ ဝယ်ယူစားသုံးမည်ဆိုပါက ဒေသတွင်းမှ ငွေကြေးများသည် ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သောကြောင့် ဒေသတွင်း၌ အထွက်နှုန်းတိုးပွားအောင် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ဒေသတွင်း ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်း ငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြစ်ရေတင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်၏ ၈၀ ရာခိုင်နှုန်းသောရေများသည် အသုံးချခြင်းမရှိဘဲ ပင်လယ်တွင်းသို့ စီးဝင်သွားခြင်းဖြစ်သဖြင့် မြစ်ရေတင် စီမံကိန်းကို ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် အသုံးချနိုင်ရမည် ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ဆိုလာစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် သဘာဝက ပေးထားသည့် အခွင့်အရေးများစွာ ရှိသည်ဖြစ်သဖြင့် မြစ်ရေတင်ရာတွင် လိုအပ်သည့် လျှပ်စစ်စွမ်းအားကို ဆိုလာစနစ်ဖြင့် ထုတ်လုပ်နိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ပြီး ဆိုလာစနစ်သည် ကမ္ဘာ့ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက်လည်း အရေးပါကြောင်းနှင့် စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း။

### အလေးထား ဆောင်ရွက်ရမည်

ကမ္ဘာပေါ်တွင် ဆန်နှင့် ဂျုံကို အဓိကထား စားသုံးကြပြီး မိမိတို့နိုင်ငံ၌ အဓိက မွေးမြူရေး လုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး တို့ကို မွေးမြူကြကြောင်း၊ တိုင်းဒေသကြီး အတွင်း၌ အထက်ပါ မွေးမြူရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိသဖြင့် ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် လွှတ်၍ မွေးမြူခြင်း၊ စားကျက်မြေများတွင်လှန်၍ မွေးမြူခြင်း၊ လှောင်၍ မွေးမြူခြင်းများရှိသဖြင့် စနစ်ကျနပြီး တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်နိုင်သည့် မွေးမြူရေးလုပ်ငန်း ဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသောကြောင့် နို့နှင့် နို့ထွက်ပစ္စည်း အမျိုးမျိုးနှင့် အေးခဲအသားငါးများကို ထုတ်လုပ်၍ ခေတ်မီထုပ်ပိုးမှု ပုံစံများဖြင့် မိမိတို့နိုင်ငံရှိ အခြား ဒေသများ သာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည်အထိ စဉ်းစားလုပ်ဆောင်ကြရမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသည် နို့စားနွား မွေးမြူရေးကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့်အလားအလာ များစွာရှိသဖြင့် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အရည်အသွေးမြင့်မားပြီး အာဟာရ ပြည့်ဝသည့် ထုတ်ကုန်များကို ဒေသတွင်း၌ ထုတ်လုပ်နိုင်ပါက ဒေသခံများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ပြီး ကျန်းမာရေးအတွက်လည်း ကောင်းမွန်သည့် ကိုယ်ခံစွမ်းအားများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထား လုပ်ကိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ရှားပါးနေ၍ မရကြောင်း၊ အသားငါးများ၊ အသီးအနှံများကို ပြည့်ဝစွာ စားသုံးမှသာလျှင် ကိုယ်ခံအားကောင်းမွန်ပြီး ကျန်းမာရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေးအတွက် ဖူလုံမှုရှိအောင် ဦးစားပေးလုပ်ဆောင်ရန် ပြောကြားလိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များတွင် မန္တလေးမှ စိန်တလုံးသရက်နှင့် ဆီထွက်ထုတ်ကုန်များသည် နာမည်ရရှိပြီးဖြစ်ပြီး ပြည်ပနိုင်ငံများအထိ တင်ပို့ရသည်အထိ ဈေးကွက်ရရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်လိုအပ်ချက် ရှိပြီးသားဖြစ်သည့် ငှက်ပျောသီးကဲ့သို့သော သီးနှံများနှင့် အခြားစိုက်ပျိုးရေး ထုတ်ကုန်များကို ခေတ်မီနည်းစနစ်ကျစွာဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ကြပ်မတ်ဆောင်ရွက်ကြစေလို

ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ပတ်သက်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုတွင် Cost of Production (ထုတ်လုပ်မှုကုန်ကျစရိတ် များပြားခြင်းကြောင့် မြင့်မားခြင်း) နှင့် Supply and Demand (စားသုံးမှုနှင့် ထုတ်လုပ်မှု မမျှတခြင်းကြောင့် မြင့်မားခြင်း)ဟူ၍ ရှိကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် အခြေခံစားသုံးကုန်များ ကုန်ဈေးနှုန်း မြင့်မားနေမှုများ ဖြစ်ပေါ်နေသည်မှာ သဘာဝမကျသည့်အတွက် တာဝန်ရှိသူများမှ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြို့ပြတည်ဆောက်ရေးတွင် ရေဖူလုံစွာရရှိရေးနှင့် အသုံးချနိုင်ရေး၊ ပညာရည်သင်ကြားမှုစနစ် မြင့်မားရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သယ်ယူပို့ဆောင်မှုစနစ် Public Transportation များ ကောင်းမွန်မှုရှိရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ လမ်းများ ဖောက်လုပ်မှုမှအစ နိုင်ငံတကာမှလက်ခံသည့် စံချိန်စံညွှန်းအတိုင်းဖြစ်ရန်နှင့် နောင်တစ်ချိန်တွင် လမ်းများတိုးချဲ့နိုင်ရေး ကြိုတင်တွက်ချက် ဖောက်လုပ်ရန် လိုသကဲ့သို့ လမ်းပခုံးများထည့်သွင်း တည်ဆောက်ရာတွင်လည်း လမ်းများ၏ အဆင့်အလိုက် အဆင့်မီအောင် ထည့်သွင်းဆောင်ရွက်ရန် လိုကြောင်း၊ သွားလာမှု ထွက်ပေါက်များကို စဉ်းစားဆောင်ရွက်ထားရှိရန်လိုအပ်ပြီး လျှပ်စစ်ကို အခြေခံသည့် လျှပ်စစ်ဘတ်စ်ကား လုပ်ငန်းများနှင့် လျှပ်စစ်မြို့ပတ်ရထားလမ်းများ၊ မြေအောက်ရထားလမ်းများအထိ တွက်ချက်စဉ်းစား လုပ်ဆောင်ကြစေလိုကြောင်း၊ ထိုသို့သော စီမံချက်များသည် အနာဂတ် plan များဖြစ်ပြီး မိမိတို့သည် ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေရသည့် အစိုးရဖြစ်သဖြင့် လက်ရှိပြည်သူလူထု ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများကို အဓိကဦးစားပေး အနေဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကောင်းမွန်သည့် ရေရှည်စီမံကိန်းများကို တတ်စွမ်းသရွေ့ ရေးဆွဲချမှတ် ဆောင်ရွက်ရန် လိုကြောင်း။

### ကျန်းမာရေးမြို့တော် တည်ဆောက်နိုင်ရေး

ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော်၊ ပညာရေးမြို့တော်၊ ချယ်ရီမြို့တော်ဖြစ်ပြီး နိုင်ငံတကာက သိရှိထားသည့် ကောင်းမွန်သည့် နောက်ခံသမိုင်းကြောင်းများရှိသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့အပြင် သာယာသော ရာသီဥတု၊ စိမ်းလန်းသော ပတ်ဝန်းကျင်ကို အခြေခံလျက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြင့်မားစွာ ဆောင်ရွက်နိုင်သော ကျန်းမာရေးမြို့တော်အဖြစ်လည်း တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်ခံများ၏ အခြေခံစိုက်ပျိုးမွေးမြူရေး ထုတ်ကုန်လုပ်ငန်းများမှတစ်ဆင့် အဆင့်မြင့် ထုတ်ကုန်များနှင့် တန်ဖိုးမြင့် ထုတ်ကုန်များ ပေါ်ထွက်လာစေရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရေး အတွက် နည်းစနစ်ကျနသည့် လုပ်ငန်းများ ဖြစ်ပေါ်လာစေရေး လိုအပ်သည့် နည်းပညာနှင့် အသိပညာပေးမှုများကို လုပ်ဆောင်ပေးသွားရန် လိုကြောင်း၊ မြေအသုံးချမှုစနစ်များလည်း မှန်ကန်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို အလုံပိတ်ကာရံခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် မြေဆီလွှာကို ထိခိုက်စေနိုင်သောကြောင့် လေဝင်လေထွက်နှင့် ရေဝင်ရေထွက် ကောင်းမွန်နိုင်သည့် ကာရံခြင်းများ ဆောင်ရွက်စေရေး ကြပ်မတ်ကြရန် လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးချမှုမရှိစေရေးနှင့် ချမှတ်ထားသည့်စည်းကမ်း၊ ဥပဒေများနှင့်အညီသာ လုပ်ဆောင်ကြစေရေး ကြပ်မတ်ပညာပေးရမည်ဖြစ်ကြောင်း၊ ဒေသထွက် ဈေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီ၊ တယ်သီးနှင့် နို့ထွက်ပစ္စည်းများ အခြားထွက်ကုန်များကို ယခုထက်ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက် ချဲ့ထွင်နိုင်ရေး လုပ်ဆောင်ပေးသွားရန်လိုကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြင်ဦးလွင်မြို့သည် အေးမြပြီး သစ်ပင်ပန်းမန်များဖြင့် ရောင်စုံလှပသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဥတုသုံးပါးလုံး၌ လာရောက်အပန်းဖြေသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း၊ မြို့အားလှည့်လည်ကြည့်ရှုရာတွင် သစ်ပင်များသည် အုံ့ဆိုင်းလျက်ရှိသည်ကို တွေ့ရှိရပြီး ဥတုရာသီ တောကိုမှီဆိုသော်လည်း ကျန်းမာရေးပိုင်းနှင့် ကြည့်မည်ဆိုပါက သစ်ပင်များ အုံ့ဆိုင်းနေ၍ မရကြောင်း၊ အလင်းရောင်နှင့် သန့်ရှင်းလတ်ဆတ်သည့် လေကောင်းလေသန့်များ ရရှိရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများနှင့် ချုံနွယ်များကို အလင်းဖွင့်ပေးရန်လိုကြောင်း၊ ခုတ်ထွင်ရှင်းလင်းရန်မဟုတ်ဘဲ အောက်ခြေပတ်ဝန်းကျင်နှင့် သစ်ကိုင်းများ ထူထပ်နေခြင်းကို ရှင်းလင်းကာ ကောင်းမွန်သည့် အလင်းရောင်နှင့် ခရီးသွားဧည့်သည်များ၏ မျက်စိပသာဒရှိစေရေး လုပ်ဆောင်ပေးရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ပြင်ဦးလွင်ဒေသကို ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးသွား ဧည့်သည်များ လမ်းလျှောက်နိုင်ရေး အတွက်လည်း လမ်းဧရိယာများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

### အားကစားကွင်းများ အဆင့်မြှင့်တင်

ထို့ပြင် ပြင်ဦးလွင်နှင့် မန္တလေးဒေသသည် ပညာရေးအားကောင်းသည့် ဒေသများဖြစ်သဖြင့် အားရကျေနပ်မိပါကြောင်း၊ ပညာရေးနောက်မကျစေရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေများကြောင့် ခေတ္တပြန်လည် ပိတ်ထားခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလျက်ရှိပြီး မျှော်မှန်းထားသည့် ပမာဏအထိ ကူးစက်ဖြစ်ပွားမှုများကို လျှော့ချနိုင်သည့်အချိန်တွင် ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားနှင့်ပတ်သက်၍လည်း မြှင့်တင်ပေးသွားမည်ဖြစ်ကာ ဘောလုံးကွင်းများအပါအဝင် အားကစားကွင်းများ အဆင့်မြှင့်တင်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပြီး ပြင်ဦးလွင်တွင် လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်ရေးမြေအဖြစ် ဆောင်ရွက်နိုင်ကြောင်း။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် ကျေးလက်နှင့် မြို့ပြကွာခြားမှုများကို အတတ်နိုင်ဆုံး လျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်ပါက မြို့ပြတွင် လူဦးရေသိပ်သည်းမှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် ဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မိမိတို့တတ်စွမ်းသရွေ့ ကြိုးပမ်း တာဝန်ထမ်းဆောင်ကြရန် အကြံပြုတိုက်တွန်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်ကျေးရွာအုပ်စု စီမံခန့်ခွဲရေးကောင်စီ ဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❑ မသမာသောသူများ၏ ခြိမ်းခြောက်မှုများအရ အစိုးရကို ဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ တာဝန်ဝတ္တရားလစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေး ခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် နစ်နာမှုများ မဖြစ်ပေါ်ရန်လို**

**❑ ပြည်ပနိုင်ငံများမှ ကာကွယ်ဆေးများ ဝယ်ယူရရှိစေရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးများ ဆက်တိုက်ရောက်ရှိလာလျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ဆေးထိုးပြီး ဖြစ်စေရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိ**

**❑ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးကျဆင်းမှုများကို ဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲရန် ဘဏ္ဍာငွေကိုလည်း အဆင်သင့်ပြင်ဆင်ထား

ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် အခြားဆေးပစ္စည်းများဝယ်ယူမှုနှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၆၉ သန်း အကုန်အကျခံဝယ်ယူခဲ့ပြီး ဆေးရုံ၊ ဆေးခန်းပြုပြင်ခြင်း၊ ကိုဗစ်စင်တာများနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၆၆ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ ထို့ပြင် အထွေထွေကိစ္စများအတွက် အမေရိကန်ဒေါ်လာ ၅ သိန်းကျော်ကိုလည်း သုံးစွဲခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲရန် ဘဏ္ဍာငွေကိုလည်း အဆင်သင့်ပြင်ဆင်ထားကြောင်း၊ ထို့အတွက် တာဝန်ရှိသူများအနေဖြင့် အကျိုးရှိရှိ လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)အား ပိုမိုကောင်းမွန်သည့် ဥပဒေ(မူကြမ်း) တစ်ရပ်ဖြစ်ပေါ်လာရေး ဘက်ပေါင်းစုံမှ ဆွေးနွေးအကြံပြု

နေပြည်တော် စက်တင်ဘာ ၁၆

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) အား ပြန်လည်စိစစ်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်း အတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ စတင်ပြဋ္ဌာန်းခဲ့မှု အခြေအနေ၊ ခေတ်ကာလနှင့်အညီ ဥပဒေကို ထပ်မံပြင်ဆင်ခဲ့သည့် အခြေအနေများနှင့် ယခု အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာကော်မတီသို့ တင်ပြခဲ့ရာ ဥပဒေ (မူကြမ်း) ကို ပြန်လည်ထည့်သွင်း သုံးသပ်ဆောင်ရွက်သွားရန် အစည်းအဝေးဆုံးဖြတ်ခဲ့ပါကြောင်း၊ အဆိုပါဆုံးဖြတ်ချက်အရ ဥပဒေ (မူကြမ်း) အား ပြန်လည်စိစစ် သုံးသပ်ရမည့်အချက်များ၊ ပြင်ဆင်ဖြည့်စွက်ရမည့်အချက်များ ရှိသဖြင့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ ပိုမိုကောင်းမွန်သည့် ဥပဒေ(မူကြမ်း) တစ်ရပ်ဖြစ်ပေါ်လာရေး လိုအပ်သည်များကို ဘက်ပေါင်းစုံမှ သုံးသပ်၍ ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ခေတ္တဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမင်းထွန်းက ဥပဒေကို ပြင်ဆင်ဖြည့်စွက်ခဲ့သည့် အချက်များကို အသေးစိတ် ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာသူများက ဥပဒေ(မူကြမ်း)အပေါ် အကြံပြုသုံးသပ် ဆွေးနွေးတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံတွင် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Air Chiefs Conference) ကို ထိုင်းနိုင်ငံတွင် Video Tele–Conference – VTC ဖြင့် ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဘရူနိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General (U) Dato Seri Pahlawn Mohd Sharif bin Dato Paduka Haji Ibrahim၊ ကမ္ဘောဒီးယားနိုင်ငံလေတပ်ဦးစီးချုပ် General Soeung Samnang၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယလေတပ်စစ်ဦးစီးအရာရှိချုပ် Air Marshal Fahru Zaini Isnanto, S. H., M.DS.၊ လာအိုနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General Khamlek Sengphachanh၊ မလေးရှားနိုင်ငံလေတပ်ဦးစီးချုပ် General Dato' Sri Ackbal Bin Haji Abdul Samad၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Allen Trio Paredes၊ စင်ကာပူနိုင်ငံလေတပ်ဦးစီးချုပ် Major General Kelvin Khong Boon Leong၊ ထိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal Airbull Suttiwan၊ ဗီယက်နမ်နိုင်ငံလေတပ်ဦးစီးချုပ် Major General Vu Van Kha နှင့် တာဝန်ရှိသူများက Video Tele–Conference – VTC




တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေး၏ သဘာပတိဖြစ်သူ ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Airbull Suttiwan က (၁၈) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ထို့နောက် (၈) ကြိမ်မြောက် အာဆီယံလေတပ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းအဖွဲ့ (ASEAN Air Forces' Education and Training Working Group – 8th AAFET–WG) အစည်းအဝေးဆုံးဖြတ်ချက်များကို ထိုင်းဘုရင့်လေတပ်မှ Group Captain Supachai Upan က ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို တက်ရောက်လာကြသော အာဆီယံလေတပ်များမှ လေတပ်ဦးစီးချုပ်များက "OPTIMIZING CAPABILITY AND COOPERATION AGAINST NEW CHALLENGES" ခေါင်းစဉ်အား အသီးသီးဆွေးနွေးခဲ့ကြပြီး အခြားကိစ္စရပ်များကို နိုင်ငံအလိုက် ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် သဘာပတိက (၁၈) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းဆွေးနွေးအတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ ထို့နောက် (၁၉) ကြိမ်မြောက် အာဆီယံလေတပ် ဦးစီးချုပ်များ အစည်းအဝေးကို အလှည့်ကျသဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် လာအိုနိုင်ငံလေတပ်ဦးစီးချုပ် Brigadier General Khamlek Sengphachanh ထံသို့ ထိုင်းနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးမှတစ်ဆင့် ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ပြီး လာအိုလေတပ်ဦးစီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။


အဆိုပါအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သော အာဆီယံလေတပ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး တပ်မတော် (လေ) မှ ကိုယ်စားလှယ် အရာရှိ နှစ်ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးမူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် (၃၉)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၅)ကြိမ်မြောက် အရှေ့အာရှ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံ + ၃ စွမ်းအင်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ virtual စနစ်ဖြင့် ဆက်လက် တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး (၁၅)ကြိမ်မြောက် အရှေ့အာရှ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံ + ၃ စွမ်းအင်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ virtual စနစ်ဖြင့် တက်ရောက်စဉ်။

**ဆွေးနွေး**

(၁၅)ကြိမ်မြောက် အရှေ့အာရှစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို လက်ရှိ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Dr. Awang Haji Mat Suny bin Haji Md Hussein က ဆောင်ရွက်ပြီး နိုင်ငံအလိုက်တက်ရောက်လာသော စွမ်းအင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိနိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် Energy transition Plan ၊ မူဝါဒ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက လက်ရှိ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား 6.7 GW ထုတ်လုပ်နေပြီး မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအတွက် သဘာဝဓာတ်ငွေ့အရင်းအမြစ်ကို ၅၀ ရာခိုင်နှုန်းအထိ ဦးစားပေး သုံးစွဲထုတ်လုပ်လျက်ရှိကြောင်း၊ ရေအားလျှပ်စစ်မှ ၄၈ ရာခိုင်နှုန်း၊ ပြန်ပြည့်မြဲစွမ်းအင်မှ ၁ ရာခိုင်နှုန်း သုံးစွဲပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ National Electricity Master Plan 2014 အရ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လိုအပ်မည့် လျှပ်စစ်ဓာတ်အား 23.6 GW ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ ရေအားလျှပ်စစ်မှ ၃၈ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၃၃ ရာခိုင်နှုန်း ၊ သဘာဝဓာတ်ငွေ့မှ ၂၀ ရာခိုင်နှုန်းနှင့် နေစွမ်းအင်၊ လေစွမ်းအင်ကဲ့သို့သော ပြန်ပြည့်မြဲစွမ်းအင်မှ ၉ ရာခိုင်နှုန်း အချိုးကျဖြင့် ဓာတ်အားထုတ်လုပ်သွားရန် ရည်မှန်းထားပါကြောင်း၊ Natural Gas Master Plan 2017 အရ နောင်လာမည့် အနှစ် ၂၀ တွင် မြန်မာနိုင်ငံ၏ စွမ်းအင်အချိုးကျ ပါဝင်မှု (Myanmar Energy Mix)ကို ကြိုတင်ခန့်မှန်း၍ ပြည်တွင်းသဘာဝဓာတ်ငွေ့ အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးမူဝါဒများ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ UNFCCC နှင့် ပဲရစ် သဘောတူညီချက်များနှင့်အညီ Nationally Determined Contribution (NDC) for Climate Change Mitigation and Adaptation ကို ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကြေညာနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများနှင့် Multilateral Power Trading လုပ်ဆောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ Public Private Partnership (PPP)ကို ဦးစားပေးမြှင့်တင် အားပေးလျက်ရှိရာ မြန်မာနိုင်ငံ ဒေသအသီးသီး၌ လျှပ်စစ်ဓာတ်အား 1030 MW ထုတ်လုပ်နိုင်မည့် နေရောင်ခြည် စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း (Solar Power Project) ၂၉ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မေလတွင် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း (Solar Power Project)များ ဆောင်ရွက်နိုင်ရန် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ 320 MW ထုတ်လုပ်နိုင်မည့်စီမံကိန်း ၁၂ အတွက် တင်ဒါခေါ်ယူခဲ့ကြောင်း၊ ထို့ပြင် Floating Solar ၊ Rooftop Solar၊ အသေးစားနှင့်အလတ်စား ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) တင်သွင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သမားရိုးကျ အိမ်သုံးလောင်စာနေရာတွင် ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas – LPG) အစားထိုးသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

**ပူးတွဲကြေညာချက်ကိုထုတ်ပြန်**

(၁၅)ကြိမ်မြောက် အရှေ့အာရှစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးတွင် အာဆီယံစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Plan of Actions for Energy Cooperation–APAEC Phase II (2021–2025)) အကောင်အထည်ဖော်ရေးအတွက် ပံ့ပိုးကူညီပေးမည့်အစီအစဉ်များဖြစ်သည့် ဒေသတွင်းစွမ်းအင်ဖူလုံရေးနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် Energy Transition Plan အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် မဟာဗျူဟာများ၊ နည်းပညာဆိုင်ရာများ၊ စိန်ခေါ်မှုများအပေါ် ဆွေးနွေးခဲ့ပြီး အာဆီယံနှင့် အရှေ့အာရှစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအကြား ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ဆက်လက်၍ (၁၈)ကြိမ်မြောက် အာဆီယံ + ၃ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးအား ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများအကြား စွမ်းအင်ဖူလုံရေး၊ သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ ပြန်ပြည့်မြဲ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေး၊ သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်သုံးစွဲနိုင်ရေး၊ မြို့ပြသုံး နျူကလီးယား စွမ်းအင်ဆိုင်ရာကိစ္စရပ်များ၊ ဟိုက်ဒရိုဂျင်နည်းပညာတို့နှင့် ပတ်သက်သည်များကို ဆွေးနွေးခဲ့ကြပြီး အာဆီယံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများအကြား ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

**တာဝန်ရှိသူများတက်ရောက်**

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနှင့် အရှေ့အာရှနိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများမှ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးရန် ကျန်ရှိသူများအား အုပ်စုသတ်မှတ်ချက်အတိုင်း ထိုးနှံပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို စက်တင်ဘာ ၁၄ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။(ယာပုံ)

**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် –၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးအတွင်း ရောဂါဖြစ်ပွားမှု သိသိသာသာ လျော့နည်း ကျဆင်းလာပြီ ဖြစ်သော်လည်း တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လူမှုဖူလုံရေးအာမခံ အကျုံးဝင်သည့်စက်ရုံ၊ အလုပ်ရုံများမှဆေးထိုးရန် ကျန်ရှိသူ အလုပ်သမားများ၊ ကာကွယ်ဆေးထိုးနှံမည့် ဦးတည်အုပ်စု သတ်မှတ်ချက်အတိုင်း စနစ်တကျ စာရင်းကောက်ယူ၍ ဆေးထိုးပေးရန် ၊ ဆေးထိုးရာတွင်လည်း ယခင်ကာကွယ်ဆေး ခွဲတမ်းလက်ကျန်များကို ပြီးပြတ်အောင် ထိုးနှံပေးရန်နှင့် ထပ်မံရရှိမည့်ခွဲတမ်းများကို ဆက်လက် ထိုးနှံပေးနိုင်ရေး အဆင်သင့် ပြင်ဆင်ထားရန်၊ စာရင်းသွင်းရာတွင် မှတ်ပုံတင်မရှိသောသူများကို ပန်းခင်းစီမံချက်ဖြင့် မှတ်ပုံတင်ပြုလုပ်ပေးရန်၊ စင်တာ – တာဝန်ရှိသူများအနေဖြင့် စင်တာနှင့်ဆက်စပ်သည့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက တပ်မတော်အနေဖြင့် ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် တစ်ဖွဲ့လျှင် လူဦးရေ ၂၀၀ ထိုးနှံပေးနိုင်သည့် အင်အားဖြင့် စုဖွဲ့ထားပြီး တစ်မြို့နယ်လျှင် ငါးဖွဲ့ဖြင့် တစ်ရက်လျှင် လူဦးရေ ၄၀၀၀၀ ထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်ခဲ့သော်လည်း မြေပြင်တွင် ဆေးအထိုးခံမည့်သူများ နည်းပါးနေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ပထမအသုတ် ပြီးပြတ်အောင် ထိုးနှံပေးနိုင်ရေး ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် အသံချဲ့စက်များဖြင့် နှိုးဆော်ပေးရန်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ဆက်လက်၍ ကိုဗစ်–၁၉ ကုသရေးစင်တာ – တာဝန်ခံများ၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ခရိုင် ကိုဗစ် –၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌများ၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှနှင့် တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်းတို့က တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **ဆန်းကျော်ဦး(မြန် /ဆက်)**

# တော်သလင်းမြစ်တွင်း သင်ဖြူးခင်း

ယဉ်ကျေးဆု

❖ ရေယဉ်စမ်းငယ်
သောင်ကမ်းငယ်ပြည့်လျှံ
မြစ်လုံးငယ်ညံသည်
လှေတက်သံမြိုင်မြိုင်နှင့်
လှေပြိုင်ကျင်းတဲ့လကိုလေး။
❖ ကုံရာသီငယ် ခါမှီသင့်စွာ
ဘွေအာကာမှာ ပြုပ္ဗာဘဒြပိုဒ်
ကြက်ညီနောင် တောင်တဝိုက်က
ရေလိုက်ကယ်သဘင်
စံ - စံပယ်ရှင်သောအခါ
မြိုင်ခွင်လုံးကန္တာမှာ
ရွှေရင်းမာပန်းတော်မင်းက
သင်းလှတယ်လေး။

မဟာအတုလမင်းကြီး၏ တော်သလင်းလဖွဲ့ဖြစ်သည်။ တော်သလင်းလသည် မြန်မာပြက္ခဒိန်၏ ဆဋ္ဌမမြောက်လဖြစ်သည်။ ဤလတွင် မြစ်ချောင်းတို့၌ လှိုင်းလေကင်းရှင်းပြီး ရေပြင်မှာ သင်ဖြူးဖျာခင်းထားသကဲ့သို့ ပြေပြစ်ငြိမ်သက်စွာရှိတတ်ရာ **တော်သလင်းမြစ်တွင်း သင်ဖြူးခင်း**ဟု ဆိုရိုးရှိပေသည်။ ထို့ကြောင့်ပင် ဤလတွင် လှေပြိုင်ပွဲများကို ကျင်းပကြခြင်းဖြစ်သည်။ ရှေးကလှေပြိုင်ပွဲများကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများကိုယ်တိုင် ကြွရောက်ရှုစား ချီးမြှင့်တော်မူလေ့ရှိကြသည်။

## ရှေးမြန်မာကြီးများ၏ လှေသဘင်ပွဲ

စာရေးသူ ရှေးမြန်မာကြီးများ၏ လှေသဘင်ပွဲ၊ လှေပြိုင်ပွဲ၊ သစ်ဆင်းပွဲများအကြောင်း လေ့လာမိသ၍ တင်ပြလိုပါသည်။ ဦးအောင်ကြီး၏ ဒွါဒရာသီဘွဲ့တွင် "မြစ်ရေကမ်းပြည့် ထန်းလည်း မှည့်၍ စည့်စည့်မိုးလ ဘဒြနှင့်ပြည့်ဝအညီ ကန်ရာသီဟု အာနီမြခိုင် ရင်းမာလှိုင်ကာ မွှေးကြိုင်ပျံ့ရှင်း တော်သလင်းဝယ် မြစ်တွင်းရေတု ပန်းလုသဘင် သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်" ဟု စပ်ဆိုထားကြောင်း လေ့လာသိရှိနိုင်ပေသည်။ ဖွင့်ဆိုပြရသော် တော်သလင်းလတွင် ထန်းသီးတို့ မှည့်ကြ၏။ ကန်ရာသီဖြစ်၏။ ကန်ဟူသည့် ဝေါဟာရမှာ သက္ကဋဘာသာ "ကန္ယာ" မှ လာ၏။ ကညာဟု အဓိပ္ပာယ်ရသည်။ ဇောတိသတ္တကျမ်း၌ "ကန္ယာစ၊ ကန်ရာသီကား၊ ကဿဒဟနိဝ၊ လက်တစ်ဖက်ကား ကောက်ဆုပ်၊ လက်တစ်ဖက်ကား ဆီမီးတိုင်ကိုင်လျက်၊ လှေစီးနေသော မိန်းမပျိုသဏ္ဌာန်ရှိသည်။" ဟုဆိုထား၏။ ထို့ကြောင့် ရှေးမြန်မာကြီးများသည် မင်းမှစ၍ တောင်ယာလယ်လုပ်ခားမခုတ်အထိ ထိုရာသီ၌ စိတ်ဓာတ်ခိုက်အောင် ရာသီအကြိုက် လှေသဘင်ပွဲများကို ရှုမြင်လိုခဲ့ကြခြင်းဖြစ်မည်ဟု စာရေးသူထင်မြင်မိပါသည်။ လှေပြိုင်ပွဲကို ပန်းလုသဘင် မြစ်ယံပွဲဟု ခေါ်ဆိုကြကြောင်းကိုလည်း လေ့လာသိရှိခဲ့ရသည်။ စာဆိုရှင်ဖွဲ့ဆိုထားခဲ့သည့် ရွှေသားစက်ကွင်းဆိုသည်မှာ အဝါရောင်စက္ကူ၏ အလယ်၌ အမည်းကွက်ပြုလုပ်ထားသည့် ပန်းတိုင်၌ထားရှိသော ပစ္စည်းဖြစ်သည်။ အဆိုပါ ရွှေသားစက်ကွင်းဆီသို့ သူနိုင်ကိုယ်နိုင် အပြိုင်လှော်ခတ်ရခြင်းဖြစ်သည်။



ရှေးမြန်မာကြီးများ တော်သလင်းလတွင် ကျင်းပကြသည့် လှေသဘင်ပွဲနှင့် ပတ်သက်၍ ယထာဘူတကျစွာ စဉ်းစားသင့်ပေသည်။ ရှေးက မြန်မာတို့သည် ရေကြောင်းလမ်းကို အဓိကထား သုံးစွဲခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အထက်နှင့်အောက် စုန်ဆန်သွားလာမှုကို ဧရာဝတီမြစ်ကြီးက များစွာ အထောက်အကူပြုခဲ့ကြောင်း တွေ့ကြရမည်ဖြစ်သည်။ ရေကြောင်းလမ်းကိုသာ အသုံးများခဲ့သဖြင့် ဖောင်၊ လှေ၊ သမ္ဗန်စသည်တို့သည် အဓိကယာဉ်များ ဖြစ်ခဲ့ကြရသည်။ ထို့ကြောင့် ထိုအချိန်က ရေကြောင်းသွားလာမှုအတတ်ပညာသည် အဓိက အခန်းကဏ္ဍတွင် ရှိခဲ့သည်။

❖ ဦးကုလားကြီး၏ မဟာရာဇဝင်၌ "အမှုထမ်းတို့ကို ခြေဆယ်ပွဲမှ မြင်းတင်ရာ၏။ မြင်းဆယ်ပွဲမှ ဆင်တင်၍ ရွာပေးရာ၏။ ဆင်ဆယ်ပွဲမှ လှေတင်ရာ၏။" ဟု ရေးသားထားသည်။ ထို့ကြောင့် ရှေးက ရေတပ်မတော်သည် အမြင့်ဆုံးတပ်ဟု ဆိုနိုင်သည်။ ရှေးမြန်မာလေ့ လှေပြိုင်ပွဲများတွင် လှေလှ၊ လှေယဉ်၊ လှေငယ်များသာမက စစ်သုံးလှေများပါ ဝင်ရောက်ယှဉ်ပြိုင်လေ့ရှိသည်။ ရှေးက လှေသဘင်ပွဲ၊ လှေပြိုင်ပွဲများသည် ပျော်ရွှင်မှုအတွက်သာမက မြန်မာတို့၏ စွမ်းရည်သတ္တိနှင့် မြန်မာ့ဇာတိသွေး ဇာတိမာန်တို့ကို ဖော်ထုတ်သည့်ပွဲလည်း ဖြစ်သည်။ မြန်မာဘုရင်များ၏ လူစွမ်းကောင်းများအတွက် စွမ်းရည်စိစစ်သည့်ပွဲအဖြစ် ထင်ရှားခဲ့

## ဇာတိသွေး ဇာတိမာန်တို့ကို ဖော်ထုတ်သည့်ပွဲ

ဦးကုလားကြီး၏ မဟာရာဇဝင်၌ "အမှုထမ်းတို့ကို ခြေဆယ်ပွဲမှ မြင်းတင်ရာ၏။ မြင်းဆယ်ပွဲမှ ဆင်တင်၍ ရွာပေးရာ၏။ ဆင်ဆယ်ပွဲမှ လှေတင်ရာ၏။" ဟု ရေးသားထားသည်။ ထို့ကြောင့် ရှေးက ရေတပ်မတော်သည် အမြင့်ဆုံးတပ်ဟု ဆိုနိုင်သည်။ ရှေးမြန်မာလေ့ လှေပြိုင်ပွဲများတွင် လှေလှ၊ လှေယဉ်၊ လှေငယ်များသာမက စစ်သုံးလှေများပါ ဝင်ရောက်ယှဉ်ပြိုင်လေ့ရှိသည်။ ရှေးက လှေသဘင်ပွဲ၊ လှေပြိုင်ပွဲများသည် ပျော်ရွှင်မှုအတွက်သာမက မြန်မာတို့၏ စွမ်းရည်သတ္တိနှင့် မြန်မာ့ဇာတိသွေး ဇာတိမာန်တို့ကို ဖော်ထုတ်သည့်ပွဲလည်း ဖြစ်သည်။ မြန်မာဘုရင်များ၏ လူစွမ်းကောင်းများအတွက် စွမ်းရည်စိစစ်သည့်ပွဲအဖြစ် ထင်ရှားခဲ့သည်။ သမိုင်းအထောက်အထားများအရ မြန်မာ့ရေတပ်မတော်သည် သရေခေတ္တရာခေတ်မှစတင်ခဲ့ပြီး ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက်တွင် အင်အား အထူးမြင့်မားနေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။ မြန်မာ့လှေတပ်မတော်သားတို့သည် အသက်ကို ပဓာနမထားကြပဲ "လှေခွက်ချည်း ကျန်၊ အလံမလှဲ" စိတ်ဓာတ်မျိုးဖြင့် စွန့်စား၍ တိုက်ပွဲဝင်အောင်ပွဲဆင်ခဲ့ကြသည်။ စစ်မြေပြင်တွင် စစ်သွေးစစ်မာန်များဖြင့် တိုက်ပွဲဝင်အောင်ပွဲဆင်ခဲ့ကြသည့် မြန်မာလှေတပ်မတော်သားတို့သည် စစ်ရေးအန္တရာယ်များ ကင်းရှင်းချိန် တော်သလင်းလသို့ ရောက်လျှင် ကြည်နူးသာယာဖွယ်ကောင်းသည့် မြစ်နဒီရေပြင်တွင် ကျင်းပသည့် ပန်းလုသဘင် မြစ်ယံပွဲသို့ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြသည်။ တက်ရေး (၃၇) ချင်းနှင့် လှေတော်သံတို့သည်လည်း မြစ်ယံမှသည် မိုးယံသို့တိုင်အောင် မြိုင်မြိုင်ဆိုင်ဆိုင် ပင်ရှိခဲ့ကြသည်။ တော်သလင်းလသည် ရာသီအားဖြင့် ကန်ရာသီ၊ စန်းပြည့်နက္ခတ်မှာ ပြုပ္ဗာဘဒြပိုဒ်နက္ခတ်၊ တာရာမှာ ဗျိုင်းတာရာ၊ ရာသီရုပ်မှာ သမီးကညာ ရာသီရုပ်ဖြစ်ပြီး ပွင့်သည့်ပန်းမှာ ရင်းမာပန်းဖြစ်သည်။

## ရာသီခွင်အလိုက် ရာသီပွဲတော်များ

စာရေးသူတို့၏ မြန်မာများတွင် ရာသီခွင်အားဖြင့် တစ်ဆယ့်နှစ်လရှိသည်။ ရှေးမြန်မာကြီးများက ရာသီခွင်အလိုက် ရာသီပွဲတော်များကို ကျင်းပသည့် ဓလေ့ရှိခဲ့ကြသည်။ ထို့ကြောင့် လူမျိုးခြားများက မြန်မာတို့အား အပျော်ကျူးသူများဟု မှတ်ချက်ပြုခဲ့ကြသည်။ မှားလေစွဟု စာရေးသူက ဆိုချင်မိပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ သာဓိနပျို့တွင် "သင်္ကြန်တာကူး၊ နှစ်ဦး ညောင်ရေ၊ စာပုလွှေခင်း၊ ပဥ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျဉ်၊ ဤသို့ယှဉ်သား၊ လစဉ်အမြဲ၊ ဆယ့်နှစ်ပွဲ" ဟု စပ်ဆိုထားကြောင်း လေ့လာသိရှိရသည်။

ဆိုရသော် ရှေးမြန်မာကြီးများသည် တန်ခူးလတွင် အတာရေသဘင်ပွဲနှင့် သက်ကြီးရွယ်အို ဘိုးဘွားမိဘဆရာသမားများအား ပူဇော်သည့်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းလောင်းသည့်ပွဲ၊ နယုန်လတွင် စာပြန်ပွဲ ပဥ္စင်းခံပွဲ၊ ဝါဆိုလတွင် ဝါကပ်ပွဲ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါခေါင်လတွင် စာရေးတံပွဲ၊ တော်သလင်းလတွင် လှေခင်းသဘင်ပွဲ လှေပြိုင်ပွဲ သစ်ဆင်းပွဲ မြစ်ယံပွဲ၊ သီတင်းကျွတ်လတွင် ဆီးမီးမြင့်မိုရ်ပွဲ လူကြီးမိဘများအား ကန်တော့ကြသည့်ပွဲ၊ တန်ဆောင်မုန်းလတွင် ဆီမီးပူဇော်ပွဲ၊ ကထိန်သင်္ကန်း မသိုးသင်္ကန်း ကြာသင်္ကန်း ကပ်လှူသည့်ပွဲ၊ နတ်တော်လတွင် နန်းတွင်းစာဆိုပညာရှိကြီးများအား အရည်အချင်းစစ်ဆေးသည့်ပွဲ နတ်များကို ပူဇော်ပသလှူဒါန်းသည့် ပွဲ၊ ပြာသိုလတွင် ထမနဲလှူဒါန်းသည့်ပွဲနှင့် တပေါင်းလတွင် သဲပုံစေတီပွဲ ဆွမ်းတော်ကြီး တင်လှူပွဲ သာခုကိဋ္ဌနသဘင်ပွဲ စည်တော်ကြီးပွဲ စသည်ဖြင့် ကျင်းပခဲ့ကြသည်။

## ရည်ရွယ်ချက်ကောင်းများ

ဖွင့်ဆိုပြရသော် အတာသင်္ကြန်ပွဲသည် မင်္ဂလာရှိသည့် နှစ်သစ်အချိန်ကာလအခါသမယ၌ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်စွာဖြင့် အေးချမ်းသာယာကြစေကြောင်း ဆုမွန်ကောင်းတောင်း၍ နှစ်ဟောင်းမှ အညစ်အကြေးများ ကုန်စင်သွားစေရန် အတာရေဖြင့် သွန်းလောင်းပက်ဖျန်းကြသည့် ပွဲတော်၊ သက်ကြီးရွယ်အို ဘိုးဘွားမိဘဆရာသမားများအား ပူဇော်ကန်တော့ကြခြင်းအားဖြင့်လည်း နှစ်ဦးတွင် ကုသိုလ်ကောင်းမှုဖြင့် အစပြုကာ တစ်နှစ်တာကာလအတွက် မင်္ဂလာဆင်မြန်းခြင်းအမှုကို ပြုကြသည့်ပွဲဖြစ်သည်။ သဲပုံစေတီပွဲတော် ဆွမ်းတော်ကြီးတင်လှူပွဲ သာခုကိဋ္ဌနသဘင်ပွဲ ညောင်ရေသွန်းလောင်းပွဲ သင်္ကန်းကပ်လှူပွဲ ဆီမီးပူဇော်ပွဲများသည် သာသနာဘာသာအား မမေ့စေကြောင်း သာသနာတော်ကြီး၏ အရောင်အဝါ ထွန်းပြောင်လာစေကြောင်း ဒါနကုသိုလ်များ ရရှိကြစေကြောင်း ရည်ရွယ်ချက်ကောင်းများဖြင့် ကုသိုလ်အမှုပြုလုပ်ကြခြင်းသာ ဖြစ်သည်။ လှေခင်းသဘင်ပွဲ မြင်းခင်းသဘင်ပွဲများသည် မြန်မာ့ကြည်းတပ်ရေတပ်တောင့်တင်း ခိုင်မာစေရေး အရည်အချင်းပြည့်ဝသည့် တပ်မတော်သားများ ဖြစ်ထွန်းလာစေကြောင်း ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခဲ့ကြခြင်းဖြစ်သည်။ စာပြန်ပွဲစာစစ်ပွဲများမှာ လောကီလောကုတ္တရာ နှစ်ဖြာသော မြန်မာ့ပညာရှိကြီးများ ပေါ်ထွန်းလာစေရန် အခြေခံကောင်းများဖြင့် ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားသားများ ထင်မှတ်ထားသကဲ့သို့ မြန်မာတစ်ဆယ့်နှစ်လရာသီပွဲတော်များသည် အပျော်သက်သက်ကျင်းပခြင်းမျိုးမဟုတ်မူပဲ ရင်းနှီးပျော်ရွှင်စွာဖြင့် ရည်ရွယ်ချက်ကောင်းများကို ထားရှိအကောင်အထည်ဖော်ဆောင်ရွက်ကြသည့် ပွဲတော်များဖြစ်သဖြင့် ရည်ရွယ်ချက်မဲ့မဟုတ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# ပဲခူးမြို့ ရောဝတီဘဏ် ငွေသယ်ယာဉ် လုယက်မှုဖြစ်စဉ်၌ ပြစ်မှုကျူးလွန်သူတရားခံများအား ၉ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

ပဲခူး စက်တင်ဘာ ၁၆

**စက်တင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ပဲခူးမြို့ ရောဝတီဘဏ် ငွေသယ်ယာဉ် လုယက်မှုဖြစ်စဉ်၌ ပြစ်မှုကျူးလွန်သူ တရားခံများအား ၉ နာရီအတွင်း ကြိုးပမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့ ည ၇ နာရီ က ကျင်းပသည်။**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးမြို့ ရောဝတီဘဏ် ငွေသယ်ယာဉ်လုယက်မှုဖြစ်စဉ်၌ ပြစ်မှုကျူးလွန်သူများအား ၉ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် စွမ်းစွမ်းတမံ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြစ်မှုကျူးလွန်သူ တရားခံများအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်နိုင်ခဲ့သည့် တပ်မတော်သားများအတွက် ဂုဏ်ပြုဆုငွေကျပ် ၄၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထိန်ဝင်းက ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေကျပ် ၃၅ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂုဏ်ပြုခံတပ်ဖွဲ့ဝင်များကိုယ်စား ပဲခူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး တင်ထွဋ်က ကျေးဇူးတင်စကား ပြောကြားသည်။

စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ရောဝတီဘဏ်ခွဲ(၁)မှ ငွေကျပ် ၄ ဘီလီယံခန့်အား ရန်ကုန်မြို့သို့ သယ်ဆောင်စဉ် ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာအုပ်စု ရန်ကုန် - မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၂၅/၅)သို့ ရောက်ရှိစဉ် PDF အကြမ်းဖက်အဖွဲ့ဝင်များ၏ လုယက်ခြင်းခံခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စွမ်းစွမ်းတမံကြိုးပမ်းဖော်ထုတ်မှု၊ တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ၉ နာရီအတွင်း ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့သဖြင့် အဆိုပါဖမ်းဆီး ဆောင်ရွက်မှုတွင် စွမ်းစွမ်းတမံ ကြိုးပမ်းပါဝင်ဆောင်ရွက်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆ ပုဒ်မခွဲ (င)မှာ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုလို့ ပြဋ္ဌာန်းထား၊ အဲဒီအတိုင်း တိကျစွာ လိုက်နာသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

လူမှုကွန်ရက်စာမျက်နှာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် မြန်မာငွေကျပ် ၅၀၀၀ (ငါးထောင်) တန်၊ ၁၀၀၀၀ (တစ်သောင်း) တန် ငွေစက္ကူများကို စက်တင်ဘာလ ၁၆ ရက် မွန်းလွဲ ၂ နာရီမှ စတင်ပြီး တရားဝင်ငွေစက္ကူအဖြစ်မှ ရပ်စဲကြောင်း အမိန့်ကြော်ငြာစာအတုတစ်ခုအဖြစ် ထွက်ပေါ်ခဲ့သည်။ အဆိုပါကြော်ငြာစာ အတုကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုကဲ့သို့ ဖြေကြားထားပါသည် -

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆ မှာ အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို တည်ဆဲဥပဒေအဖြစ်နဲ့ လိုက်နာနေတဲ့ အစိုးရအဖွဲ့အစည်း ဖြစ်ပါတယ်။

အဲဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆ ပုဒ်မခွဲ (င)မှာ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေး အဖြစ် သတ်မှတ်ခြင်းမပြုလို့ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဲဒီအတိုင်း ကျွန်တော်တို့ တိကျစွာ လိုက်နာသွားမှာဖြစ်ပါတယ်။ နောင်လည်း အဲဒီအတိုင်းပဲ တိကျစွာ လိုက်နာသွားမှာ ဖြစ်ပါတယ်။

အဲဒီထဲမှာ ထပ်ပြီး ဆက်စပ်ပြီး ပြောချင်တာကတော့ ပုဒ်မခွဲငယ်(ဃ)မှာ စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်း မပြုလို့လည်း ပါပြီးသားဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ အတိုင်းပဲ ကျွန်တော်တို့ လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

NUG ၊ CRPH တို့လို အဖွဲ့မျိုးတွေအနေနဲ့ ၊ အကြမ်းဖက်အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှောင့်ယှက်ဖျက်ဆီးရုံသာမက ကောလာဟလတွေနဲ့ မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

ယခင်ကလည်း ဒီလိုအဖြစ်အပျက်မျိုးတွေ၊ ဒီ ၁၀၀၀၀ တန်တွေကို ပယ်ဖျက်လိုက်ပြီဆိုတဲ့ အဖြစ်အပျက်မျိုးတွေ ထုတ်လွှင့်နေတာမျိုး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို ပြောချင်တာကတော့ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ခုနက ပုဒ်မ ၃၆ ပုဒ်မခွဲ(င) အရ တရားဝင်ထုတ်ဝေထားတဲ့ ငွေကြေးတွေကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်း ပြုလုပ်မှာ မဟုတ်ဘူးဆိုတာကို ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ ပြည်သူလူထုအနေနဲ့ အခုလို ကောလာဟလတွေ၊ ကမောက်ကမဖြစ်အောင် လုပ်နေတဲ့ဟာတွေကို မယုံကြည်ကြဖို့ လိုပါတယ်။

ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်
အမိန့်အမှတ်(၁၈၁/၂၀၂၁)
၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုသမ္မ[illegible]န်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေထ[illegible]သော ၅၀၀၀ (ငါးထောင်ကျပ်)၊ ၁၀၀၀၀ (တစ်သောင်းကျပ်) [illegible] ငွေစက္ကူများကို ဤအမိန့်ထုတ်[illegible]သည့် ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၂၀၂၁ ခုနှစ်[illegible]က်တင်ဘာလ ၁၆ ရက်၊ [illegible]သပတေးနေ့၊ မွန်းလွဲ(၁၄၀၀)နာရီ အချိန်မှစ၍ တရားဝင်ငွေစက္ကူအဖြ[illegible] ရပ်စဲလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော[illegible]သည် ငွေကြေး[illegible]နှုံးကျဆင်းခြင်းနှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် ဥပဒေကဲ့သို့ အာဏာတည်[illegible] အထ[illegible]အမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

■*ကျောဖုံးမှ*

စက်တင်ဘာ ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

ထို့ပြင် စက်တင်ဘာ ၂၄ ရက်တွင် ထွက်ခွာမည့် (၃၅) ကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများ၏ အမည်စာရင်းကို တိုကျိုမြို့ မြန်မာ သံရုံးနှင့် ANA ရုံးချုပ်တို့က စိစစ်၍ အသိပေးသွားမည်ဖြစ်ပြီး လေယာဉ်ထွက်ခွာချိန်နှင့် Check-in-Counter အချက်အလက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဝေါမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဝေါမြို့နယ် ဧကရာဇ်-နောင်ပတ္တရာ-သဘော့ကန် ကျေးလက်လမ်း (၁) မိုင်(၃ ဒသမ ၈၈)ဖာလုံ ကွန်ကရစ်လမ်းခင်းနေမှုကိုလည်းကောင်း၊ ကျိုက်လှကျေးရွာရှိ အထွက်ကောင်းစပါး(၈)မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းတွင် မတူညီစပါးမျိုးကွဲ ရင့်မှည့်နေမှုကို လည်းကောင်း၊ ဝေါမြို့နယ် မိုးယွန်းကြီး ဇွဲဘတ်တာသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အင်းတိုင်စုကျေးရွာအဝင် ကိုဗစ်စစ်ဆေးရေးဂိတ် တာဝန်ထမ်းဆောင်သူများအတွက် Mask နှင့် Hand Gel ဘူးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ကလိဆေးရုံ၌ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှု၊ Liquid Oxygen Station တည်ဆောက်ရန် စက်ပစ္စည်းများ ရောက်ရှိနေမှု၊ ပဲခူးမြို့အထွက်မှ ကလိလမ်းဆုံအထိ လမ်းဘေးဝဲ/ယာ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ GAqP စနစ်ဖြင့် ငါးမွေးမြူရေးကန် တည်ဆောက်နေမှု၊ ဒေသငါးမျိုး ငါးမုတ်နှင့် ငါးခုံးမ ငါးသားပေါက် မွေးမြူနေမှု၊ ပဲခူးမြို့တွင်းရှိ ဟသ်ာလမ်းနှင့် (၃၃)လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်ရေမြောင်းနှင့် ပလက်ဖောင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၂၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး

# အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများတွင် ကျား-မ တန်းတူညီမျှမှုမြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၆

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တွဲဖက်အဖွဲ့ဝင်အဖြစ်ပါဝင်ထားသည့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) ၏ (၂၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ "Women's and girls' sexual and reproductive health rights in crisis" ခေါင်းစဉ်ဖြင့် ဖိုရမ်အဖွဲ့ဝင်များနှင့် UN Working Group on discrimination against Women အဖွဲ့ဝင်များအကြား Interactive Dialogue ကို စက်တင်ဘာ ၁၆ ရက်တွင်လည်းကောင်း virtual online platform ဖြင့် ကျင်းပသည်။ (ယာပုံ)**




### ပါဝင်တက်ရောက်

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးသို့ APF အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း ၂၅ ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာသွန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုး၊ ဒေါက်တာတင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ဖိုရမ်၏ စွမ်းဆောင်မှု အစီရင်ခံစာအား ရှင်းလင်းတင်ပြခြင်း၊ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများတွင် ကျား-မ တန်းတူညီမျှမှု မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ ဘဏ္ဍာရေးစာရင်း ရှင်းလင်းတင်ပြခြင်းကိစ္စရပ်များ၊ ဖိုရမ်အဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကိစ္စရပ်များ၊ ဖိုရမ်၏ စီမံအုပ်ချုပ်မှုကော်မတီအတွက် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်း၊ ဖိုရမ်၏ဥက္ကဋ္ဌအသစ်အမည်စာရင်းတင်သွင်းခြင်း၊ GANHRI ၏ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ အဆင့်အတန်းသတ်မှတ်ရေးဆပ်ကော်မတီ (Sub-Committee on Accreditation – SCA) တွင် ပါဝင်ရန် APF ၏ ကိုယ်ခွဲကိုယ်စားလှယ် ရွေးချယ်ခြင်းနှင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှဒေသ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များက ရုပ်သံပြကွက်ဖြင့် တင်ပြခြင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

APF အဖွဲ့ဝင်များနှင့် UN Working Group on discrimination against Women အဖွဲ့ဝင်များအကြား "Women's and girls' sexual and reproductive health rights in crisis" နှင့် စပ်လျဉ်းသည့် Interactive Dialogue သို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ UN Working Group on discrimination against Women မှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

### ဆွေးနွေးတင်ပြမှုများ ပြုလုပ်

ဆွေးနွေးပွဲတွင် UN Working Group on Discrimination Against Women and Girls ၏ အဖွဲ့ဝင်ဖြစ်သူ Ms. Elizabeth Broderick AO နှင့် APF ၏ ဥက္ကဋ္ဌနှင့် APF Women's Leaders Forum ၏ ဥက္ကဋ္ဌဖြစ်သူ Professor Rosalind Croucher တို့က အဖွင့် နှုတ်ဆက်စကားပြောကြားခဲ့ပြီး UN Working Group on Discrimination Against Women and Girls ၏ ဥက္ကဋ္ဌ ဖြစ်သူ Ms. Melissa Upreti က UN Working Group အကြောင်း အကျဉ်းချုပ်နှင့် မကြာသေးမီက လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သော the report on women's and girls' sexual reproductive health in crisis နှင့် စပ်လျဉ်း၍ လည်းကောင်း၊ APF အဖွဲ့ဝင် တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ဆာမိုအာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတို့က Women's and girls' sexual and reproductive health rights in crisis နှင့်စပ်လျဉ်း၍ ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လက်ရှိ ဦးစားပေး ဆောင်ရွက်လျက်ရှိသော မဟာဗျူဟာလုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတို့က ဘာသာရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများ ပြုလုပ်ခဲ့ကြသည်။

### သိရှိလိုသည်များကို မေးမြန်း

ထို့နောက် ဆွေးနွေးတင်ပြမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းခြင်းအစီအစဉ်တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဘာသာရပ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး UN Working Group on Discrimination Against Women and Girls ၏ ဥက္ကဋ္ဌဖြစ်သူ Ms. Melissa Upreti နှင့် အဖွဲ့ဝင်ဖြစ်သူ Ms. Elizabeth Broderick AO တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*○ကျောဖုံးမှ*

ရီဘစ်၊ လီယို၊ ဒီယက်ဇ်တို့ ဦးဆောင်ပွဲထွက်လာသည့် အေစီမီလန်အသင်းအနေဖြင့် ဆာလာ၊ အိုရီဂီ၊ ဂျိုတာတို့ ဦးဆောင်လာသည့် လီဗာပူးအသင်းကို ထိန်းချုပ်ကစားရန် ကြိုးစားလာခဲ့သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်းတွင် လိုအပ်ချက်ရှိနေသောကြောင့် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ လီဗာပူးအသင်းမှ ဆာလာ၊ ရော်ဘတ်ဆန်၊ ဟန်ဒါဆန်၊ အိုရီဂီ၊ ဖာဘင်ဟိုတို့ ခြေစွမ်းပြသပြီး အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်မှုကြောင့်လည်း အေစီမီလန်တို့ အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ပွဲချိန် ၉ မိနစ်တွင် အေစီမီလန်အသင်းမှ ခံစစ်ကစားသမား တိုမိုရီ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ လီဗာပူးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၁၄ မိနစ်တွင် လီဗာပူးအသင်း ပယ်နယ်တီကန်ခွင့်ရရှိခဲ့သော်လည်း အသင်းတိုက်စစ်ကစားသမား ဆာလာဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ အေစီမီလန်အသင်းက ပွဲချိန် ၄၂ မိနစ်တွင် ချေပဂိုးနှင့် ပွဲချိန် ၄၄ မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းကို အေစီမီလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် လီဗာပူးအသင်းသည် အိုရီဂီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆာလာက ချေပဂိုးသွင်းယူပေးနိုင်ခဲ့၍ တစ်ဖက် နှစ်ဂိုးစီ သရေကျနေခဲ့သည်။ ထို့နောက်ပိုင်းတွင် လီဗာပူးကသာ ထိုးဖောက်တိုက်စစ်ဆင်မှုများပြုလုပ်ကာ အေစီမီလန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၆၉ မိနစ်တွင် လီဗာပူးအသင်းက တတိယဂိုးရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဟန်ဒါဆင်က သွင်းယူပေးနိုင်ခဲ့သည်။ ယင်းနောက် နှစ်သင်းစလုံး လူစားပြောင်းလဲမှုများ ပြုလုပ်ခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် လီဗာပူးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားသော ပွဲစဉ်များ ရလဒ်တွင် မန်စီးတီးအသင်းက လိုက်ပ်ဇစ်အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ အိုင်းယက်စ်အသင်းက စပို့တင်းအသင်းကို ငါးဂိုး-တစ်ဂိုး၊ ရီးရဲမက်ဒရစ်အသင်းက အင်တာမီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကလပ်ဘရုဂ်နှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို အက်သလက်တီကိုမက်ဒရစ်နှင့် ပေါ်တိုအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**



## ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွှေရောင်ပြစာသင်တိုက်ကျောင်းသို့ ဆန်၊ ဆီ၊ ဆားများ လှူဒါန်း

**အိမ်မဲ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွှေရောင်ပြစာသင်တိုက်ကျောင်းသို့ စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီခွဲက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ဆန်၊ ဆီ၊ ဆား အစရှိသည့် လှူဖွယ်ပစ္စည်းများကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အိမ်မဲမြို့နယ် ရွှေရောင်ပြစာသင်တိုက်ကျောင်းရှိ ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ဆန် ၁၃ အိတ်၊ ဆီ ၁၃ ပိဿာ၊ ဆား ၁၃ ပိဿာ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ppe ဝတ်စုံ ၂၅ ထည်၊ apron ၁၀၀ ၊ လက်အိတ် ၁၀ ဗူး၊ ppe level (2) အစုံ ၃၀၊ Cevit, zinc, amlodipine,antibiotic အစရှိသည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ် ရွှေရောင်ပြစာသင်တိုက်တွင် ယခုလအတွင်း ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၂၅ ဦးရှိပြီး အဆိုပါလူနာများအား Covid-19 Treatment Center (ရွှေလင်းယုန်)တွင် ဆေးဝါးကုသမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ် လှိုင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝရေလျှံကွင်းများအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်စေရန်၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက အင်းစိန်မြို့နယ် လှိုင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး ၊ ဥပဒေချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေနှင့် ဝန်ထမ်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ စခန်းများမှ ဝန်ထမ်းများက လှော်ကားငါးလုပ်ငန်းစခန်း၊ လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်းနှင့် တွံတေးငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ သုံးသိန်းအား မျိုးစိုက်ထည့်ပေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခုနှစ် ငါးမျိုးစိုက်ထည့်ရန်လျာထားချက်မှာ သဘာဝမြစ်ချောင်း ရေလျှံကွင်းများအတွင်း ၂၃၁ ဒသမ ၈ သိန်းနှင့် ဆည်တမံကန်များအတွင်း ၂၈ ဒသမ ၂ သိန်း စုစုပေါင်းကောင်ရေ သိန်း ၂၆၀ လျာထားပြီး ယနေ့အထိ ငါးသားပေါက်ကောင်ရေ ၂၆၃ ဒသမ ၈ သိန်းအား မျိုးစိုက်ထည့်ခဲ့သည်။ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ ၁၀၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ်အတွက် ငါးမျိုးစိုက်ထည့်မှုပြီးစီးကြောင်း သိရသည်။**သတင်းစဉ်**




## သီပေါမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေး

**သီပေါ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ပြတ်တောက် ထိန်းချုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁၆ ရက်က ကျန်းမာရေးဝန်ထမ်းများ၊ နယ်စည်းမခြားပရဟိတအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ ကွင်းဆင်းသွားရောက်ကာ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ အခမဲ့ သွားရောက်စစ်ဆေးပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရန် ကျန်ရှိသည့် ရေဦးကျောင်းတိုက်၊ သုသာန်ကျောင်းတိုက်၊ မဟာစည်ကျောင်းတိုက်နှင့် ကုန်းတော်ကျောင်းတိုက်တို့မှသံဃာတော်များ၊ ရှင်သာမဏေများနှင့် ကျောင်းသား ၁၁၈ ဦးတို့အား (RTD) Test Kit ဖြင့် စစ်ဆေးပေးခဲ့သည်။ ကျန်ရှိသည့်ဘုန်းတော်ကြီးကျောင်းတိုက်များကိုလည်း ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



သနပ်ပင်မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်အနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းကို စက်တင်ဘာ ၁၆ ရက်က စက်ကုန်းပိုင်းရပ်ကွက်ရှိ အနော်မာရုံကွင်း ကျောင်းတိုက်၌ ဆောင်ရွက်ပေးစဉ်။
မြို့နယ်(ပြန်/ဆက်)

## သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂) စတင်ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၆**

သတင်းအမှားများကို ပြန်လည်ချေဖျက် တိုက်ထုတ်နိုင်ရန်နှင့် ကျင့်ဝတ်နှင့်ညီသော သတင်းသမားများ ပေါ်ပေါက်လာစေရေးအတွက်ရည်ရွယ်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီက သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)ကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်နှင့် ကောင်စီအလုပ်အမှုဆောင်များ တက်ရောက်ခဲ့ပြီး ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် “သတင်းသမားတွေအတွက် အရေးပါတဲ့ ကျင့်ဝတ်တွေ၊ လိုက်နာရမယ့် ဥပဒေတွေကို ကျေညက်စွာ နားလည်လာစေဖို့နဲ့ သတင်းမီဒီယာ စတုတ္ထမဏ္ဍိုင်တစ်ရပ်အဖြစ် ပီပီပြင်ပြင် ရပ်တည်နိုင်စေဖို့ အခုလို သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်ပြီး သတင်းမီဒီယာ ကျင့်ဝတ်နှင့် သတင်းမီဒီယာ ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ခေါင်းဆောင် သင်တန်းမှူး ဦးအောင်ပြည့်စုံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြရာတွင် “သတင်းအမှားတွေ ပျံ့နှံ့နေပြီး ပြည်သူတွေအတွက် အဆိပ်ဖြစ်နေချိန်မှာ ကျင့်ဝတ်လိုက်နာတဲ့ သတင်းသမားတွေအနေနဲ့ သတင်းအမှန်တွေကို မြန်မြန်ဆန်ဆန်ဖော်ပြနိုင်ဖို့ လိုအပ်တဲ့ အချက်အလက်တွေကို အခုသင်တန်းကနေ ပို့ချပေးသွားဖို့ ရှိပါတယ်။ သတင်းမီဒီယာသမားတွေအတွက် ထိရောက် အကျိုးရှိစေမယ့် သင်တန်းတစ်ခုဖြစ်လာဖို့ ရည်ရွယ်ပါတယ်”ဟု ပြောကြားသည်။

ယခုသင်တန်းကို စက်တင်ဘာ ၂၂ ရက်အထိ သတင်းမီဒီယာကောင်စီရုံးတွင် ကိုဗစ်-၁၉ စည်းကမ်းများအတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

## ပဲခူးမြို့နယ်အတွင်း ပန်းခင်းစီမံချက်အကောင်အထည်ဖော်လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ပဲခူး စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက မြို့နယ်အတွင်းရှိ ပြည်သူများအားလုံး အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ဥပဒေအရ ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော ပန်းခင်းစီမံချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများတွင် စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ အသိပညာပေးဆိုင်းဘုတ် စိုက်ထူကြောင်း သိရသည်။

ထိုသို့ အသိပညာပေးဆိုင်းဘုတ်စိုက်ထူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင် ဗိုလ်မှူးဇင်ဝင်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြတ်နှင့်ဝန်ထမ်းများက ပဲခူးမြို့အတွင်းရှိ ရန်ကုန်-မန္တလေးလမ်း နာရီစင်ပန်းခြံရှေ့ မဇင်း(၁)လမ်းထိပ်



ပန်းခြံရှေ့နှင့် ကျောက်တွင်းကုန်းလမ်းဆုံတို့တွင် စိုက်ထူကြောင်း သိရသည်။

**စိုးမိုး (ပြန်/ဆက်)**

# တရုတ်နိုင်ငံ ဆီချွမ်ပြည်နယ်၌ အင်အားပြင်းငလျင်လှုပ်ရာ သုံးဦးသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရ

**ချန်ဒူ စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ် လူကျို့မြို့ လူကျန်းစီရင်စုတွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ သုံးဦးသေဆုံးပြီး ၆၀ ကျော် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဆေးရုံတင်လိုက်ရသူများအနက် သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း မြို့တော်အရေးပေါ်စီမံခန့်ခွဲမှုဗျူရိုက ပြောသည်။

တရုတ်ငလျင်စီမံခန့်ခွဲရေးက ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို မြေပြင်ဒုက္ခသည်ကယ်ဆယ်ရေးဆိုင်ရာ လမ်းညွှန်မှုပေးရန် စေလွှတ်ခဲ့သည်။ အနီးအနားရှိ မီးသတ်နှင့် ကယ်ဆယ်ရေးတပ်ဖွဲ့မှ အုပ်ချုပ်ရေးအရာရှိနှင့် မီးသတ်အဖွဲ့ဝင်ပေါင်း ၈၉၀ ကို စုရုံးပြင်ဆင်ထားပြီး ကယ်ဆယ်ရေးသမား ၄၆၀၀ ကိုလည်း အသင့်အနေအထားပြင်ဆင်ထားသည်။

နံနက် ၈ နာရီခွဲ အပျက်အစီးစာရင်းအရ နေအိမ် ၇၃၇ လုံးပြိုကျခဲ့ပြီး ၇၂ လုံးမှာ အများအပြားပျက်စီးခဲ့ကာ ၇၂၉၀ လုံးမှာ အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။ ငလျင်၏ဗဟိုချက်နေရာဖြစ်သည့် ရေဘေးသင့် ဂျီမင်မြို့နယ်ရှိ လမ်းများပေါ်တွင် နံရံအပြိုအပျက်များ၊ အိမ်အပြိုအပျက်များ စုပုံလျက်ရှိသည်။ လျှပ်စစ်မီးများကိုလည်း ဖြတ်တောက်ထားသည်။ ဒေသခံများမှာ အပျက်အစီးများကို ရှင်းလင်းလျက်ရှိသည်။

ဒုက္ခသည်ခိုလှုံရာနေရာများတွင် ကယ်ဆယ်ရေးအလုပ်သမားများက ငလျင်ဒဏ်ခံပြည်သူများကို မုန့်နှင့် စားစရာများ ဝေငှပေးခဲ့သည်။ ငလျင်ဒဏ်ခံရသူ ၆၉၀၀ ကျော် ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ၁၀၀၀၀ ကျော်မှာ ယာယီခိုလှုံရေးစခန်းများတွင် နေထိုင်လျက်ရှိကြောင်း ဒေသအစိုးရက ပြောသည်။

တရုတ်ငလျင်ကွန်ရက်ဌာနက ငလျင်သည် စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၃၃ မိနစ်တွင် လှုပ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်နေရာသည် မြောက်လတ္တီကျူ ၂၉ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၀၅ ဒသမ ၃၄ ဒီဂရီနေရာတွင် ဖြစ်ကြောင်းနှင့် ငလျင်သည် မြေအောက်အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခဲ့ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**



ငလျင်လှုပ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။

# အင်အားပြင်း အပူပိုင်းမုန်တိုင်း “ချန်သူ” ဂျပန်နိုင်ငံ အနောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်

**တိုကျို စက်တင်ဘာ ၁၆**

အင်အားပြင်း အပူပိုင်းမုန်တိုင်း “ချန်သူ”သည် ဂျပန်နိုင်ငံအနောက်ပိုင်းသို့ စက်တင်ဘာ ၁၇ ရက်တွင် ဝင်ရောက်နိုင်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောသည်။

စက်တင်ဘာ ၁၆ ရက်တွင် မုန်တိုင်းလမ်းကြောင်းရှိ ပြည်သူများကို သတိနှင့်နေထိုင်ကြရန်နှင့် ၎င်းတို့၏ဘေးကင်းလုံခြုံရေးကို ဂရုစိုက်ရန် မိုးလေဝသအရာရှိများက အကြံပေးထားသည်။





ချန်သူအင်အားပြင်းအပူပိုင်းမုန်တိုင်း ဂျပန်နိုင်ငံအနောက်ပိုင်းသို့ ဝင်ရောက်နိုင်ကြောင်း မိုးလေဝသ သတင်းအစီအစဉ်တင်ဆက်သူက ရှင်းလင်းပြောကြားနေစဉ်။

ချန်သူသည် အရှေ့တရုတ်ပင်လယ်ပြင်ပေါ်တွင် ဖြစ်ပေါ်နေလျက်ရှိပြီး မုန်တိုင်းနှင့် ပတ်သက်သည့် ခန့်မှန်းချက်မှာ ပြောင်းလဲနိုင်ကြောင်း မိုးလေဝသအေဂျင်စီမှ အရာရှိများက ပြောသည်။

ချန်သူသည် ဆူရှီမားရေလက်ကြားတွင် လေဖိအားနည်းရပ်ဝန်းအဖြစ် ပြောင်းလဲဖြစ်ပေါ်မည်ဟု အစောပိုင်းက ခန့်မှန်းခဲ့သော်လည်း စက်တင်ဘာ ၁၅ ရက်ညပိုင်းမှစကာ မုန်တိုင်းမှာ ခန့်မှန်းထားသည်ထက် အင်အားပိုမိုကောင်းမွန်လာကြောင်းနှင့် လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။

မုန်တိုင်းမှာ အရှေ့မြောက်ဘက်သို့ လမ်းကြောင်း တဖြည်းဖြည်းပြောင်းလာပြီးနောက် ဂျပန်နိုင်ငံ အနောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသအရာရှိများက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်မြောက်ပိုင်းတွင် အိုင်အက်စ်များမရှိကြောင်း တာလီဘန်စုံစမ်းထောက်လှမ်းရေး အကြီးအကဲပြော

**ကွန်ဒုဇ် စက်တင်ဘာ ၁၆**

အာဖဂန်နစ္စတန်မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်ရှိ တာလီဘန်စုံစမ်းထောက်လှမ်းရေးအကြီးအကဲက အိုင်အက်စ်အကြမ်းဖက်အုပ်စုများနှင့်နီးနွယ်လျက်ရှိသော စစ်သွေးကြွများ ဒေသတွင်းရှိနေသည်ဆိုသော ဖော်ပြချက်ကို ငြင်းဆိုလိုက်ပြီး အဆိုပါဖော်ပြချက်သည် အခြေအမြစ်မရှိကြောင်းနှင့် လုပ်ကြံသတင်းသာဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထာဝရငြိမ်းချမ်းရေးသည် ကွန်ဒုဇ်ပြည်နယ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ပြည်သူများသည် ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိကြောင်း၊ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများ ကွန်ဒုဇ်တွင်တည်ရှိသည်ဆိုသည့် မည်သည့်ဖော်ပြချက်မဆို အခြေအမြစ်မရှိကြောင်း ဟာဂျီနာဂျီဘူလာ ဟာရွန်က စက်တင်ဘာ ၁၅ ရက်က ပြောသည်။

အာဖဂန်နစ္စတန်သည် ကွန်ဒုဇ်ပြည်နယ်သို့မဟုတ် နိုင်ငံတွင်းရှိ မည်သည့်အစိတ်အပိုင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးမည့် မည်သူ့ကိုမဆို ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။

ဩဂုတ် ၁၅ ရက်က ကဘူးလ်ကို သိမ်းယူခဲ့ပြီးနောက် တာလီဘန်များသည် စက်တင်ဘာ ၇ ရက်က အိမ်စောင့်အစိုးရဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားက ရထားပေါ်မှ ဒုံးကျည်စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း စက်တင်ဘာ ၁၆**

မြောက်ကိုရီးယားသတင်းစာ တစ်စောင်က မြောက်ကိုရီးယားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို စက်တင်ဘာ ၁၅ ရက်အစောပိုင်းက ရထားတစ်စင်းတွင် ပြုလုပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိအုပ်ချုပ်လျက်ရှိသော အလုပ်သမားပါတီ၏ တရားဝင်သတင်းစာတစ်စောင်ဖြစ်သော ရိုဒွန်ဆင်မွန်က အသစ်ပြုလုပ်ထားသော Rapid Missile Regiment ကို စမ်းသပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

သတင်းစာဖော်ပြချက်နှင့် အတူတကွ ဖော်ပြပါရှိသည့်ပုံတွင်လည်း ရထားလမ်းပေါ်ရှိ ရထားတစ်စင်းပေါ်မှ ပေါက်ကွဲရန်းကန်ထွက်လာသည့် ဒုံးကျည်တစ်စင်းကို ဖော်ပြထားသည်။

မြောက်ကိုရီးယားအလယ်ပိုင်းရှိ တောင်ထူထပ်သောနေရာတွင် အဆိုပါစမ်းသပ်မှုကို ပြုလုပ်ခဲ့ကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။ ယင်းဒုံးကျည်သည် ၈၀၀ ကီလိုမီတာဝေးကွာသော ဂျပန်ပင်လယ်ရှိ ပစ်မှတ်ကို အတိအကျထိမှန်ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါဒုံးကျည်စမ်းသပ်ပစ်လွှတ်ရာသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း လာရောက်ခြင်းရှိ မရှိဆိုသည်ကိုမူ အဆိုပါသတင်းစာတွင် မဖော်ပြထားပေ။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း လေးသန်းကျော်ရှိလာ

**ဂျကာတာ စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၃၁၄၅ ဦးတိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၁၈၁၃၀၉ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၂၃၇ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၃၉၉၁၉ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၁၄၆၃၃ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၉၆၈၁၅၂ ဦးအထိ ရောက်ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်း ၄၃ ဒသမ ၄၈ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းသိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၇၆ ဒသမ ၁၅ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံ ကူးစက်သူ ၁၀၄၈၉ ဦးရှိ

**ဟန်နွိုင်း စက်တင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၀၄၈၉ ဦးရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်သူ ခုနစ်ဦးနှင့် ပြည်တွင်းကူးစက်သူ ၁၀၄၈၂ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်မှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၆၅၆၁၂၉ ဦးအထိ ရောက်ရှိလာပြီး ၁၆၄၂၅ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်း ထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှ ဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၅၇၃၅ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၂၉၉၈ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၅၆၇ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၄၂၃၅၁ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၃၂ သန်းကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ ကာကွယ်ဆေးအများစု ထိုးပေးပြီးဖြစ်၍ စာသင်ကျောင်းများ ပြန်ဖွင့်ဖို့ ကြိုးပမ်းလာတဲ့ ကမ္ဘောဒီးယားနိုင်ငံ

နှင်းမိုးအိမ်

ကမ္ဘောဒီးယားနိုင်ငံရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများမှာ စက်တင်ဘာ ၁၅ ရက်မှစတင်ကာ တဖြည်းဖြည်းချင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

**စာသင်ကျောင်းများပြန်ဖွင့်**

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအများစု ထိုးနှံပေးပြီးဖြစ်၍ စာသင်ကျောင်းများ တဖြည်းဖြည်းချင်း ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်သည်။ မြို့တော် ဖနောင်ပင်ရှိ ပရက်ယက် စစ်စဝစ် အထက်တန်းကျောင်းတွင် ကျောင်းသားများမှာ နှာခေါင်းစည်းများ တပ်ဆင်ကာ စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်လာကြသည်။ စာသင်ကျောင်းအတွင်းသို့မဝင်မီ အပူချိန်တိုင်းတာခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် ဆေးကြောခြင်းတို့ကို ပြုလုပ်စေသည်။

**လူဦးရေကန့်သတ်ထား**

ရောဂါကူးစက်မှု ကာကွယ်ရေးနည်းလမ်းများကို တင်းတင်းကျပ်ကျပ် လုပ်ဆောင်ထားကြောင်းနှင့် စာသင်ခန်းအတွင်း စာသင်ကြားမည့် ကျောင်းသားဦးရေကိုလည်း အများဆုံး ၁၅ ဦး အထိသာ သတ်မှတ်ထားကြောင်း ဒုတိယကျောင်းအုပ်ကြီးဖြစ်သူ ဆမ်ကမ်ဆန်က ဆင်ဟွာသို့ ပြောသည်။ လူအချင်းချင်း ခပ်ခွာခွာနေရမည့် စည်းကမ်းကို တင်းကျပ်ထားပြီး စာသင်ခန်းအတွင်း ကျောင်းသားများမှာ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၁ ဒသမ ၅ မီတာအကွာတွင် ထိုင်ရမည်ဖြစ်သည်။

**စိတ်သက်သာရာရ**

ကျောင်းဝတ်စုံနှင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည့် ခွန်ဆော့ပ်ဟီခ်သည် ကိုးတန်းကျောင်းသူတစ်ဦးဖြစ်ပြီး စာသင်ကျောင်းအတွင်းသို့ ပြန်လည် ဝင်ရောက်ခွင့်ရသည့်အတွက် ဝမ်းသာကြောင်းပြောသည်။ ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် စာသင်ကျောင်းကို ခုနစ်လနီးပါး ပိတ်ထားခဲ့ရခြင်းဖြစ်သည်။ အွန်လိုင်းမှ သင်ကြားခြင်းမဟုတ်ဘဲ စာသင်ခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရသည့်အတွက် စိတ်သက်သာရာရကြောင်း အွန်လိုင်းမှ သင်ကြားခြင်းသည် ဆရာနှင့်အနီးကပ် စာသင်ခန်းအတွင်း သင်ကြားသည့်ပုံစံ မဟုတ်သည့်အတွက် ဖိအားများကြောင်း အသက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

**လုံခြုံစိတ်ချရသည်ဟု ခံစားမိ**

အင်တာနက်မှ ရုံဖန်ရုံခါ လိုင်းမကောင်းသည့် အခါမျိုးရှိသည့်အတွက် စကားဝိုင်းများ လွတ်သွားသည့်အခါမျိုးလည်းရှိကြောင်း ၎င်းက ဆက်ပြောသည်။ ၎င်းမှာ တရုတ်နိုင်ငံထုတ် ဆီနိုဖမ်း ကိုဗစ် -၁၉ ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးထားပြီးဖြစ်ကြောင်း ပြောသည်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားပြီးဖြစ်သည့်အတွက် လုံခြုံစိတ်ချရသည်ဟုခံစားမိကြောင်း ၎င်းက ဆက်ပြောသည်။

**ကာကွယ်ဆေးထိုးပြီးသည့်ပမာဏ**

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီလမှစတင်ကာ အရွယ်ရောက်ပြီးသူ ၁၀ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးခဲ့ပြီး အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြား လူငယ်နှစ်သန်းနီးပါးကို ဩဂုတ်လအတွင်း ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခုအချိန်အထိ အရွယ်ရောက်ပြီးသူ ၉ ဒသမ ၇၇သန်းနှင့် ဆယ်ကျော်သက် ၁ ဒသမ ၇၁ သန်းမှာ ပထမဆုံးအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၁ ဒသမ ၈ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပြီးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် တရုတ်နိုင်ငံထုတ် ဆီနိုဗက်နှင့် ဆီနိုဖမ်းကာကွယ်ဆေးများကို အသုံးပြုကာ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

**ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်ပြသရမည်**

တရုတ်နိုင်ငံ၏အကူအညီ ထောက်ပံ့မှုများမပါဘဲ ပြည်သူများကို ကာကွယ်ဆေး လုံလုံလောက်လောက်ထိုးနှံပေးရန် မဖြစ်နိုင်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆင်က မကြာသေးမီက ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်- ၁၉ တိုက်ဖျက်ရေးတွင် တရုတ်နိုင်ငံထံမှ အကူအညီများ ရရှိခဲ့သည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဆရာနှင့်ကျောင်းသားများမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးရမည်ဖြစ်ပြီး စာသင်ခန်းအတွင်းသို့ ဝင်သည့်အခါ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်ပြသရမည် ဖြစ်သည်။

**ကူးစက်မှုပေါ်ပေါက်ပါက ကျောင်းကို ယာယီပိတ်မည်**

ကာကွယ်ဆေး မထိုးထားသည့် ဆရာနှင့်ကျောင်းသားများကို စာသင်ကျောင်း ပရိဝုဏ်အတွင်းသို့ လာရောက်ခွင့်ပြုမည် မဟုတ်ပေ။ သို့သော်လည်း ၎င်းတို့သည် အွန်လိုင်းပေါ်မှတစ်ဆင့် စာသင်ကြားခြင်းနှင့် လေ့လာမှုများကို ပြုလုပ်နိုင်သည်ဟု ပညာရေးဝန်ကြီး ဟန်ချူအွန်နာရွန်က ပြောသည်။ အကယ်၍ ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာပါက ကျောင်းများနှင့် စာသင်ခန်းများကို ယာယီအားဖြင့်ပိတ်ထားမည်ဟု ၎င်းက ဆက်ပြောသည်။ ထို့နောက် သက်ဆိုင်ရာ အာဏာပိုင်များက လုပ်ဆောင်စရာရှိသည်များကို ချက်ချင်းဆောင်ရွက်မည်ဖြစ်သည်။

**ကျောင်းများပြန်လည်ဖွင့်ခြင်းကိုကြိုဆို**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ ကမ္ဘောဒီးယားဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ လီအေလန်က ကျောင်းများ တဖြည်းဖြည်းချင်း ပြန်လည်ဖွင့်လှစ်ခြင်းကို ကြိုဆိုကြောင်း ယင်းသို့ပြုလုပ်ခြင်းမှာ အချိန်အတိအကျနှင့် အသိဉာဏ်ရှိရှိ ပြုလုပ်ခြင်းပင်ဖြစ်သည်ဟု ပြောသည်။

ကလေးများမှာ ကိုဗစ် -၁၉ ကူးစက်ခံရသော်လည်း ဆိုးရွားပြင်းထန်သည့် ရောဂါလက္ခဏာ ပြသခြင်းမျိုးနည်းပါးကြောင်း သေဆုံးမှုမှာလည်း အရွယ်ရောက်ပြီးသူများနှင့်ယှဉ်လျှင် နည်းပါးကြောင်း ၎င်းက ဆက်ပြောသည်။

**ဝန်ထုပ်ဝန်ပိုးဖြစ်စေ**

ကျောင်းများကို ရေရှည်ပိတ်ထားခြင်းမှာ ဆိုးကျိုးသက်ရောက်မှု ကြီးမားကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုများ နည်းပါးလာသည့်အပြင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတွင်လည်း ဆုံးရှုံးမှုများရှိကြောင်း အလုပ်လုပ်နေသည့် မိဘများအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း ၎င်းက ပြောသည်။

**ဆက်လက်အကြံပြုထား**

စာသင်ကျောင်းများတွင် ကူးစက်မှုလုံးဝမရှိဟု မပြောနိုင်သော်လည်း ကိုဗစ်- ၁၉ ကူးစက်မှုများ ရှိလာပါက စစ်ဆေးသိရှိနိုင်ပြီး နောက်ထပ်ကူးစက်မှုများမှလည်း တားဆီးနိုင်ကြောင်း ၎င်းက ပြောသည်။ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမှာ အစိုးရက ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်သည့်အတွက် ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်မှ ကမ္ဘောဒီးယားဆိုင်ရာ ကိုယ်စားလှယ် ဖိုရှု့ဖ် ဖိုရာဇာတ်က ပြောသည်။ အရင်ဆုံးကူးစက်နိုင်ခြေ နည်းပါးသည့် နေရာများရှိ စာသင်ကျောင်းများကို ဦးစွာ ဖွင့်လှစ်သင့်ကြောင်းနှင့် စာသင်ခန်းအတွင်း လူဦးရေ ပမာဏကို လျှော့ချရန်နှင့် ကူးစက်မှုများကို ကာကွယ်နိုင်ရန် လိုအပ်သည့် ကာကွယ်ရေးအစီအမံများကို ပြုလုပ်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်အကြံပြုထားသည်။ ။ **ကိုးကား-ဆင်ဟွာ**



အပူချိန်တိုင်းရန် တန်းစီစောင့်ဆိုင်းနေကြသည့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။

**❖ ကျောင်းဝတ်စုံနှင့် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည့် ခွန်ဆော့ပ်ဟီခ်သည် ကိုးတန်းကျောင်းသူတစ်ဦးဖြစ်ပြီး စာသင်ကျောင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရသည့်အတွက် ဝမ်းသာကြောင်း ပြောသည်။ ကိုဗစ်- ၁၉ ကူးစက်မှုများကြောင့် စာသင်ကျောင်းကို ခုနစ်လနီးပါး ပိတ်ထားခဲ့ရခြင်းဖြစ်သည်။ အွန်လိုင်းမှ သင်ကြားခြင်းမဟုတ်ဘဲ စာသင်ခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရသည့်အတွက် စိတ်သက်သာရကြောင်း အွန်လိုင်းမှ သင်ကြားခြင်းသည် ဆရာနှင့်အနီးကပ်စာသင်ခန်းအတွင်း သင်ကြားသည့်ပုံစံ မဟုတ်သည့်အတွက် ဖိအားများကြောင်း အသက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးက ဆင်ဟွာသို့ ပြောသည်**

## စက်တင်ဘာ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၇၉၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ ၈၅ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၆၈၆၉ ဦးရှိ

**(၁၆–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်–

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၅–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၄၇၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၇၉၀)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၄၇,၆၈၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၀,၇၄၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၆၇၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၉၁,၂၆၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈၅) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၁၆,၈၆၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၆–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၇၉)ခု | (၅၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၅)ခု | (၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၀)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၂)ခု | (၃၉)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၆)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၃၄)ခု | (၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၁)ခု | (၁၇၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၉၈၃)ခု | (၁,၄၈၆)ဦး |
| **စုစုပေါင်း** | (၂၀,၄၇၀)ခု | (၁,၇၉၀)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၆- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၄၈၄၆၁၃ | ၃၂၂၇၁၀၈၄ | ၆၈၅၀၆၃ |
| ၂။ | အိန္ဒိယ | ၃၃၃၄၇၃၂၅ | ၃၂၅၆၀၄၇၄ | ၄၄၃၉၆၀ |
| ၃။ | ဘရာဇီး | ၂၁၀၃၄၆၁၀ | ၂၀၁၃၈၂၆၇ | ၅၈၈၆၄၀ |
| ၄။ | ဗြိတိန် | ၇၃၁၂၆၈၃ | ၅၈၇၈၈၈၉ | ၁၃၄၆၄၇ |
| ၅။ | ရုရှား | ၇၂၁၄၅၂၀ | ၆၄၅၂၃၉၈ | ၁၉၅၈၃၅ |
| ၆။ | ပြင်သစ် | ၆၉၂၆၆၀၄ | ၆၅၇၇၁၉၀ | ၁၁၅၈၂၉ |
| ၇။ | တူရကီ | ၆၇၃၈၈၉၀ | ၆၂၃၀၄၄၁ | ၆၀၆၄၁ |
| ၈။ | အီရန် | ၅၃၇၈၄၀၈ | ၄၆၈၂၇၀၄ | ၁၁၆၀၇၂ |
| ၉။ | အာဂျင်တီးနား | ၅၂၃၂၃၅၈ | ၅၀၈၃၀၆၀ | ၁၁၃၉၆၉ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၄၅၆၈ | ၄၇၇၂၈၉၉ | ၁၂၅၇၅၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၆– ၉ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၈၁၃၀၉ | ၃၉၆၈၁၅၂ | ၁၃၉၉၁၉ |
| ဖိလစ်ပိုင် | ၂၃၀၄၁၉၂ | ၂၀၉၀၂၂၈ | ၃၆၀၁၈ |
| မလေးရှား | ၂၀၃၀၉၃၅ | ၁၇၈၃၃၃၆ | ၂၂၀၀၉ |
| ထိုင်း | ၁၄၃၄၂၃၇ | ၁၂၉၀၅၅၆ | ၁၄၉၅၃ |
| ဗီယက်နမ် | ၆၅၆၁၂၉ | ၄၂၃၅၅၁ | ၁၆၄၂၅ |
| မြန်မာ | ၄၄၀၇၄၁ | ၃၉၁၂၆၈ | ၁၆၈၆၉ |
| ကမ္ဘောဒီးယား | ၁၀၂၁၃၆ | ၉၅၈၁၀ | ၂၀၇၈ |
| စင်ကာပူ | ၇၃၉၃၈ | ၆၈၈၇၇ | ၅၈ |
| လာအို | ၁၈၀၅၉ | ၁၃၉၃၅ | ၁၆ |
| ဘရူနိုင်း | ၄၆၇၅ | ၃၁၄၄ | ၂၃ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**

၁၆-၉-၂၀၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်နယ်စပ်စခန်းလေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီကိုးခုမှ ယာဉ်စီးရေ ရှစ်စီးဖြင့် အောက်ဆီဂျင်(အရည်)(Bowser)ဖြင့် နှစ်စီး ၃၈တန်၊ အောက်ဆီဂျင်(အိုးခွံ) ၉၄၀၊ Oxygen Plant တစ်ခု၊ အိမ်သုံး Oxygen Concentrator ၂၅၆ ခု၊ PPE ဝတ်စုံ ၅၀၀၀၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) (Bowser) နှစ်စီးမှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့ဖြစ်ပြီး Oxygen Plant တစ်ခုမှာ ပဲခူးတိုင်းဒေသကြီး ကဝမြို့သို့ ဖြစ်ကြောင်း သိရသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်(အရည်) သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း





## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီရှစ်ခုမှ Trioenam ၁၂၅၀၊ Becozinc Capsule ၉၃၄၀၈ ခု၊ O-Setron Injection ၁၄၄၀၊ Enam Tablets ၉၅၁၈၄ ခု၊ Medixan Tablets ၂၃၅၁၀၊ Vometa Drops ၅၀၀၀၊ Pradaxa Capusles ၂၈၈ ခု၊ D Claminat ၁၅ ခု၊ Oxygen Concentrator ငါးခု၊ Oximeter ၇၅၀။

ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Regulator ၈၇၀၀၊ Oxygen Concentrator ၂၅၀၊ Oximeter ၄၈၀၊ PPE ၅၀၀၀၀၀၊ Oxygen Cylinder ၄၄၀၊ Thermometer ၃၂၀ နှင့် ဆေးဝါးမျိုးစုံ ၄၅ မျိုး (၁၁၇၈၁၃ ဒသမ ၉၈) Kg။

နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ၁၃ ခုတို့မှ Oxygen Cylinder ၈၂၀၊ Oxygen Concentrator တစ်ခု၊ Mask ၁၅၇၇၂ Kg၊ Liquid Oxygen ၁၅၀၆၈ $m^3$၊ Oximeter ၃၀၀၊ Oxygen Plant တစ်ခု၊ Sodium Chloride Injection ၁၅၀၈၁၆ Kg၊ Vitamin-C Tablet ၁၈၃၆ Kg တို့ကိုထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအမျိုးသားလေကြောင်း (၇၃)နှစ်ပြည့် နှစ်ပတ်လည်နေ့ အလှူအတန်းများပြုလုပ်

ရန်ကုန် စက်တင်ဘာ ၁၆

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း၏ (၇၃) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ရွှေဘုန်းပွင့်စေတီတော်ရှိ ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်ရှိ သာသနာ့ဗောဓိက ဓမ္မာရုံ၌ ကျင်းပသည်။**




အခမ်းအနားတွင် မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန်ခုပ်ခန့်မုံ၊ အကြံပေးပုဂ္ဂိုလ် ဦးသန်းထွန်း၊ Board of Director များနှင့် ဝန်ထမ်းများက ရွှေဘုန်းပွင့်သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံတွင် မြန်မာအမျိုးသားလေကြောင်း၏ (၇၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်အလှူငွေများကို မြန်မာအမျိုးသားလေကြောင်းမှတာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ နံနက်ပိုင်းတွင်လည်း လသာမြို့နယ်ရှိ အမျိုးသားသွေးလှူဘဏ်၌ မြန်မာအမျိုးသားလေကြောင်းမှ ဝန်ထမ်းများက စုပေါင်း၍ သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကိုဇော်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်စားသောက်ကုန်များ လက်လီလက်ကား ဆက်လက်ရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၁၆**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်စွာရရှိစေရေး အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲ




တန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်းဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၁ ခုမှ အိမ်သုံးဆေးဝါး ၁၃၈ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ခုနစ်သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈) နေရာ၌လည်း ၂၄ ရက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၈၀၀၀၀ ကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချပေးနိုင်ခဲ့သည်။

**ရောင်းချပေး**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွှေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ Mytel တာဝါတိုင်ကို မီးရှို့ဖျက်ဆီးသူများအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်သူများအကြား တယ်လီဖုန်းဆက်သွယ်မှုနှင့် သတင်းအချက်အလက် စီးဆင်းမှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး အထောက်အကူပြုနိုင်ရန်အတွက် တပ်ဆင်တည်ဆောက်ထားရှိသည့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် ဆက်သွယ်ရေး တာဝါတိုင်များအား နိုင်ငံအတွင်း ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သူများက အဆိုပါ ဆက်သွယ်ရေး တာဝါတိုင်များ အနက် အချို့အား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများဖြင့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် ပြည်သာအေးတိုးချဲ့(၂)လမ်းရှိ Mytel တာဝါတိုင်အား ခဲတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းလိုက်လံစုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါ တာဝါတိုင်အား မီးရှို့ဖျက်ဆီးမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများအနက် လှည်းကူးမြို့နယ် ခိုင်ရွှေဝါလမ်း ရိပ်သာရပ်ကွက်နေ ကိုကိုချစ် (ခ) ဝေဖြိုး(၂၄နှစ်)(ဘ) ဦးစောထွေးနှင့် ပြည်တော်သာ (၄) လမ်း ပြည်တော်သာရပ်ကွက်နေ သဲအိဖြူ (၃၂နှစ်) (ဘ) ဦးသန်းဝင်းတို့အား စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ကနဦးဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းချက်အရ ၎င်းတို့သည် Mytel တာဝါတိုင် မီးရှို့မှုဖြစ်စဉ်တွင် ကိုယ်တိုင်ပါဝင်ခဲ့ပြီး NLD ပါတီဝင်တစ်ဦးဖြစ်သည့် စည်သူနှင့် သိန်းတန် (လှည်းကူးမြို့နယ် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်ဟောင်း) တို့က စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တာဝါတိုင်အား မီးရှို့ဖျက်ဆီးရန် စေခိုင်းသူများအား အမြန်ဆုံးဖမ်းဆီးရမိရေး အပူတပြင်းစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကိုကိုချစ်(ခ)ဝေဖြိုး



သဲအိဖြူ



သန်လျင်မြို့နယ် နာရေးကူညီမှုအသင်းမှ ဆောင်ရွက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးအတွက် သန်လျင်မြို့နေ ဦးသိန်းဇော်ဦး-ဒေါ်ရူပကျော် (သရဖူသစ်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ်သိန်း ၅၀ ကို တည်ဆောက်ရေးကော်မတီထံ စက်တင်ဘာ ၁၆ ရက်က ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)



အပြင်ထွက်တိုင်း
ပါးစပ်နှင့်
နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက်
တပ်ဆင်ပါ

# ကျန်းမာရေးအတွက် ကောင်းတဲ့အဆီနဲ့ မကောင်းတဲ့အဆီ ဘယ်လိုရွေးချယ်ကြမလဲ

Dr. Shiroi Phyu




**အဆီ(Fats) ဆိုတာ လူ့ခန္ဓာကိုယ်ကို အကျိုးပြုလား**

အဆီ (Fats) ဆိုတာ အစားအစာကနေရနိုင်တဲ့ အာဟာရစွမ်းအင်ကြွယ်ဝတဲ့ အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။ အဆီစားသုံးမှု လွန်ကဲခဲ့မယ်ဆိုရင်တော့ ပုံမှန်ထက်များတဲ့ စွမ်းအင်စားသုံးမှု (Energy Intake) တွေဖြစ်လာပြီး အဲဒီစွမ်းအင်တွေကို အသုံးမပြုခဲ့ဘူးဆိုရင် နှလုံးရောဂါဖြစ်စေနိုင်တဲ့ အဝလွန်ကဲမှုတွေ ဖြစ်လာနိုင်တယ်။

ဒါပေမယ့် အဆီမှာလည်း လူ့ခန္ဓာကိုယ်ကို အကျိုးပြုတဲ့ အချက်တွေရှိပါတယ်။

- အသားအရည်နှင့် ဆံပင် စတဲ့အမွေးအမျှင်တွေကို ကျန်းမာသန်စွမ်းစေတယ်။
- အဆီမှာ ပျော်ဝင်တဲ့ ဗီတာမင် အေ, ဒီ, အီး, ကေ(Fat soluble vitamins A,D,E and K) တွေကို စုပ်ယူဖို့ ကူညီပေးတယ်။
- လူ့ခန္ဓာကိုယ်ကို နွေးထွေးနေစေတယ်။

အဆီအာဟာရဓာတ်တွေမှာ Fatty acids လို့ခေါ်တဲ့ အခြေခံအုတ်ချပ်တွေ ပါဝင်တယ်။ အဲဒီအခြေခံ အုတ်ချပ်တွေရဲ့တည်ဆောက်ပုံ ကွဲလွဲမှုတွေကနေ အဆီအမျိုးမျိုးကွဲပြားသွားပြီး အဲဒီအဆီတွေက လူ့ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးပေါ်မှာ ကွဲပြားတဲ့ သက်ရောက်မှုတွေ ဖြစ်စေတယ်။ တစ်ခုက ကျန်းမာရေးကို အကျိုးပြုနေချိန်မှာ ကျန်တစ်ခုက ကျန်းမာရေးကို ထိခိုက်စေတယ်။ ဘာပဲဖြစ်ဖြစ် တန်ဆေးလွန်ဘေးဆိုတဲ့အတိုင်း အလွန်အကျွံမစားသုံးမိဖို့ သတိပြုရမှာဖြစ်တယ်။

**အဆီမျိုးကွဲတွေက ဘာတွေလဲ**

အဆီတွေကို သူတို့မှာပါဝင်တဲ့ အခြေခံအုတ်ချပ်ကွင်းဆက် (Fatty acids chain ) တွေမှာ fatty acids ဘယ်နှခုပါလဲဆိုတဲ့ အပေါ်မူတည်ပြီး အဆီအမျိုးမျိုး ကွဲပြားသွားတယ်။

အဆီမျိုးကွဲတွေကတော့

- ပြည့်ဝဆီ(Saturated Fats)
- အသွင်ပြောင်းဆီ(Trans Fats)နှင့်
- မပြည့်ဝဆီ(Unsaturated Fats)တို့ ဖြစ်ကြပါတယ်။

**ပြည့်ဝဆီများ (Saturated Fats )**

ပြည့်ဝဆီများဆိုတာ လူ့ခန္ဓာကိုယ်ကို အကျိုးပြုပြီး ကောင်းတဲ့ ကိုလက်စထရော (High-density lipoprotein (HDL) level) နဲ့ လူ့ခန္ဓာကိုယ်ကို အကျိုးမပြုသည့် မကောင်းတဲ့ ကိုလက်စထရော (Low-density lipoprotein (LDL) level) **နှစ်မျိုးစလုံးကို မြင့်တက်စေတယ်။** အဲဒီလိုမြင့်တက်လာစေခြင်းက နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများစေပြီး တခြားအရေးကြီးတဲ့ ကျန်းမာရေးပြဿနာတွေကိုလည်း ဖြစ်စေနိုင်တယ်။ ပြည့်ဝဆီပါဝင်တဲ့ အစားအသောက်တွေကို စားသင့်တဲ့အာဟာရတွေကနေ ဖယ်ထုတ်တာမျိုး မလုပ်သင့်ပေမယ့် သတိပြုစားသုံးတာမျိုးတော့ လုပ်ရပါမယ်။

ပြည့်ဝဆီပါဝင်တဲ့အစားအသောက်တွေကတော့ ဥပမာအနေနဲ့ဆိုရင် အဆီများတဲ့ အသားများ၊ ထောပတ်၊ ချိစ်၊ အဆီပြည့် နွားနို့၊ ကရင်မ်ကဲ့သို့သော နို့နှင့်နို့ထွက် ပစ္စည်းများနဲ့ ရေခဲမုန့်တွေ၊ အုန်းဆီ၊ စားအုန်းဆီ (Palm oil) နဲ့ ဆီအုန်းအနှစ်ကနေထုတ်တဲ့ စားအုန်းဆီ (Palm kernel oil) တွေ ဖြစ်ကြတယ်။

**အသွင်ပြောင်းဆီ (Trans Fats)**

အသွင်ပြောင်းဆီကတော့ **ကျန်းမာရေးအတွက် ပိုအန္တရာယ်များတဲ့အဆီ ဖြစ်ပါတယ်။** ဘာလို့လဲဆိုတော့ အသွင်ပြောင်းဆီက လူ့ခန္ဓာကိုယ်ကို အကျိုးပြုပြီး **ကောင်းတဲ့ ကိုလက်စထရော** (High-density lipoprotein (HDL) level) ကို **လျော့နည်းစေပြီး** လူ့ခန္ဓာကိုယ်ကို အကျိုးမပြုသည့် **မကောင်းတဲ့ ကိုလက်စထရော** (Low-density lipoprotein (LDL) level) ကို **ပိုမြင့်တက်စေတယ်။**

အသွင်ပြောင်းဆီ ပါဝင်နိုင်တဲ့ အစားအသောက်တွေကတော့ စက်ရုံထုတ် ပြုပြင်ထားတဲ့ ဟင်းသီးဟင်းရွက်ဆီတွေ၊ အာလူးကြော်၊ ကွတ်ကီးတွေ၊ ပီဇာတွေ၊ မာဂျရင်းနဲ့ ဟမ်ဘာဂါတို့လို အသင့်စားမုန့်မျိုးတွေ ဖြစ်ပါတယ်။

**မပြည့်ဝဆီများ (Unsaturated Fats)**

မပြည့်ဝဆီများကတော့ ကျန်းမာရေးအတွက် အကျိုးပြုတဲ့အဆီဖြစ်ပါတယ်။ **သွေးတွင်း ကိုလက်စထရောပမာဏကို တိုးတက်ကောင်းမွန်စေပြီး** ရောင်ရမ်းမှုတွေကို လျင်မြန်စွာ သက်သာစေတယ်၊ နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေတဲ့အပြင် ကျန်းမာရေးအတွက် အထောက်အကူဖြစ်တဲ့ တခြားကောင်းကျိုးတွေလည်း ရနိုင်ပါတယ်။

**ကျန်းမာရေးအတွက်ကောင်းကျိုးပြုတဲ့ မပြည့်ဝဆီ (၂)မျိုး ရှိပါတယ်။**

(၁) **Monounsaturated fat - မိုနိုအန်စာကျူရိတ်တက် အဆီတွေဟာ** လူ့ခန္ဓာကိုယ်ကို အကျိုးပြုပြီး **ကောင်းတဲ့ ကိုလက်စထရော** (High-density lipoprotein (HDL) level) ကို ထိန်းသိမ်းပေးပြီး (သို့မဟုတ်) **မြင့်တက်စေပြီး** လူ့ခန္ဓာကိုယ်ကို အကျိုးမပြုသည့် **မကောင်းတဲ့ ကိုလက်စထရော** (Low-density lipoprotein (LDL) level) ကို **လျော့နည်းစေတယ်။**

၎င်းကို သံလွင်သီး/ သံလွင်ဆီ(Olive oil)၊ မြေပဲဆီ(Peanut oil)၊ ထောပတ်သီး၊ အယ်လမွန်စေ့(Almonds)၊ ဟေဇယ်အစေ့(Hazelnuts)တို့လို အဆံတွေနဲ့ နှမ်းစေ့၊ ဖရုံစေ့တို့လို အစေ့တွေမှာ အများဆုံး ပါဝင်ပါတယ်။

(၂) **Polyunsaturated fat - ပိုလီအန်စာကျူရိတ်တက်အဆီတွေကတော့** လူ့ခန္ဓာကိုယ်ကို အကျိုးပြုပြီး ကောင်းတဲ့ ကိုလက်စထရော (High-density lipoprotein (HDL) level) ကိုရော လူ့ခန္ဓာကိုယ်ကို အကျိုးမပြုသည့် မကောင်းတဲ့ ကိုလက်စထရော (Low-density lipoprotein (LDL) level) ကိုရော **နှစ်မျိုးလုံးကို လျော့နည်းစေတယ်။**

၎င်းကို နေကြာဆီ၊ ပဲပိစပ်ဆီနဲ့ နှမ်းဆီတွေ၊ သစ်ကြားသီး၊ နှမ်းစေ့နှင့် အဆီများတဲ့ ငါးတွေမှာ အများဆုံးပါဝင်ပါတယ်။ ဒီအဆီတွေထဲကမှ အိုမီဂါသရီးပိုလီအန်စာကျူရိတ်တက်အဆီ (Omega-3) က လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့အဆီ (Essential Fatty acids) ဖြစ်ပါတယ်။ ဒီအဆီက အသက်အရွယ်ကြီးရင့်ချိန် အမြင်ဝေဝါးခြင်း၊ နှလုံးရောဂါဖြစ်ပွားခြင်း၊ အယ်လ်ဇိုင်းမားရောဂါနဲ့ ပါကင်ဆွန်ရောဂါ ဖြစ်ပွားခြင်းတွေကနေ ကာကွယ်ပေးပါတယ်။ နောက်ပြီး ကိုယ်ဝန်ဆောင်တွေအတွက်လည်း သန္ဓေသားဉာဏ်ရည်ဖွံ့ဖြိုးမှုနဲ့ အမြင်အာရုံဖွံ့ဖြိုးမှုတွေအတွက် အထောက်အကူဖြစ်စေပါတယ်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ရဲ့ အကြံပြုချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အကြံပြုထားတာကတော့ အရွယ်ရောက်ပြီးသား သူတစ်ယောက်ရဲ့ အဆီစားသုံးမှုစုစုပေါင်းဟာ စွမ်းအင်အာဟာရစားသုံးမှုစုစုပေါင်းရဲ့ ၃၀ ရာခိုင်နှုန်းထက် လျော့နည်းရမယ်။

- ပြည့်ဝဆီကရတဲ့ အဆီအာဟာရကို စွမ်းအင်အာဟာရစားသုံးမှု စုစုပေါင်းရဲ့၁၀ ရာခိုင်နှုန်းထက် လျော့နည်းပြီး စားသုံးရမယ်။
- အသွင်ပြောင်းဆီကရတဲ့ အဆီအာဟာရကို စွမ်းအင်အာဟာရစားသုံးမှု စုစုပေါင်းရဲ့ ၁ ရာခိုင်နှုန်း ထက်လျော့နည်းပြီး စားသုံးရမယ်။ ဖြစ်နိုင်ရင် လုံးဝရှောင်ကြဉ်ရမယ်။ အစားအသောက်တွေကို ဝယ်ယူစားသုံးတဲ့အခါမှာ ထုတ်ကုန်ပေါ်မှာပါတဲ့ အာဟာရတန်ဖိုးဖော်ပြချက် (Nutrition Label) နဲ့ ပါဝင်ပစ္စည်းဖော်ပြချက်ကို ဖတ်ပြီးရွေးချယ်ဝယ်ယူစားသုံးသင့်ပါတယ်။ အာဟာရတန်ဖိုးဖော်ပြချက် မပါဘူးဆိုလျှင်လည်း အသွင်ပြောင်းဆီပါနိုင်တဲ့ အစားအသောက်တွေဖြစ်တဲ့ အဆင့်ဆင့် ပြုပြင်ထားတဲ့ အစားအသောက်တွေ၊ ဆီနဲ့ ကြော်ထားတဲ့ အစားအသောက်တွေ... စတဲ့ အစားအသောက်တွေကို ရှောင်ကြဉ်သင့်ပါတယ်။
- ပြည့်ဝဆီနှင့် အသွင်ပြောင်းဆီအစား **မပြည့်ဝဆီ အထူးသဖြင့် Polyunsaturated fat တွေကို ပိုမို စားသုံးသင့်ပါတယ်။**

အထက်မှာ ဖော်ပြထားခဲ့တဲ့ အဆီအမျိုးအစားတွေနဲ့ ၎င်းတို့ရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို ခွဲခြားသိရှိနိုင်ပြီး ကျန်းမာတဲ့ အစာအာဟာရကို ရွေးချယ်စားသုံးနိုင်မယ်လို့ထင်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်းပဲ အဆီအကုန်လုံးက ကျန်းမာရေးအတွက် မကောင်းတာမဟုတ်ဘဲ ကောင်းကျိုးပြုတာတွေလည်းရှိတဲ့အတွက် ကိုယ့်ကျန်းမာရေးအတွက် သင့်တင့် မျှတတဲ့ ပမာဏနဲ့ မှန်ကန်တဲ့ အာဟာရကို ရွေးချယ်စားသုံးနိုင်ပါစေလို့ ဆန္ဒပြုလျက်...။ ။

- **ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ အကြံပြုထားတာကတော့ အရွယ်ရောက်ပြီးသားသူတစ်ယောက်ရဲ့ အဆီစားသုံးမှုစုစုပေါင်းဟာ စွမ်းအင်အာဟာရစားသုံးမှုစုစုပေါင်းရဲ့ ၃၀ ရာခိုင်နှုန်းထက် လျော့နည်းရမယ်**
- **အသွင်ပြောင်းဆီကရတဲ့ အဆီအာဟာရကို စွမ်းအင်အာဟာရစားသုံးမှု စုစုပေါင်းရဲ့ ၁ ရာခိုင်နှုန်းထက် လျော့နည်းပြီး စားသုံးရမယ်။ ဖြစ်နိုင်ရင် လုံးဝရှောင်ကြဉ်ရမယ်။ အစားအသောက်တွေကို ဝယ်ယူစားသုံးတဲ့အခါမှာ ထုတ်ကုန်ပေါ်မှာပါတဲ့ အာဟာရတန်ဖိုးဖော်ပြချက်(Nutrition Label) နဲ့ ပါဝင်ပစ္စည်းဖော်ပြချက်ကို ဖတ်ပြီးရွေးချယ် ဝယ်ယူစားသုံးသင့်**

မှီငြမ်း - Dr.Ana Baranda, Foodunfolded Magazine supported by the Eurpean Institute of Innovation and Technology (2018)
- Healthy Diet, WHO,29Apr2020

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရပရိတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၁၈:၃၅** ကိုဗစ်–၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၁၀** ကမ္ဘာ့အိုဇုန်းလွှာနေ့ ဝ(ဂုဏ်)ပြုအစီအစဉ်
**၁၀:၄၅** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၁၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ဇီဝဗေဒဘာသာရပ်**'
**၁၆:၃၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
**၁၇:၂၅** Weekly Sports Info
**၁၇:၄၀** ဖြူစင်စိတ်ထား အဖြူရောင်မေတ္တာတရား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားခေါ်ဆောင်ရာ**' (အပိုင်း–၆၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** '**ဝသန်မိုးရာသီ**' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း '**ပင်အို**'

**mitv**

**07:01** News
**07:27** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:34** Myanmar Traditional Instruments (MYANMA OBOE)
**08:01** Myanmar Puppeteers (Tha Nge Taw Dance)
**08:11** Discovering Tribes: Taikhamti (or) Khamti Shan (Their Life and Customs) (Part-2)
**08:31** Back To A Paradise (Ep-2)
**09:01** Living in Off-season
**09:14** Ancient Heritage In Natalin
**09:26** Pan Tamawt... Stone Carving
**09:53** Tea
**10:25** Back To A Paradise (Ep-1)
**11:01** Myanmar Traditional Instruments - Myanma Harp (Episode-2)
**11:35** The Efficacy of Myanmar Traditional Medicine

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း–၈)
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
အသားစားကြက်မွေးမြူရေး
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
မိတ္ထီလာကန်သို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ရင်သားကင်ဆာအကြောင်း
**ချင်း (ဇိုမီး) (၁၂:၀၀ မှ ၁၃:၀၀)**
လေးကြိုးပြုလုပ်ခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျာထိအာထိ ရခိုင်ဟင်းလျာများ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
နမ့်လျန်ချောင်းသို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအလှ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း–၅)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**မမှန်သတင်းပေးခြင်း**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း–၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ပန်းတော်ဝင်အငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ "ပန်းတော်ဝင်အငြိမ့်" ဖျော်ဖြေပွဲကို စက်တင်ဘာ ၁၈ ရက် စနေနေ့ ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို သျှန်ထွန်း (မြန်မာစာ) မှစီစဉ်ပြီး စတားဗိုလ်လှိုင်း (မြန်မာ့အသံ ဆိုင်းဝိုင်းကြီး) နှင့် စန္ဒားရားလူမော်မျိုးတို့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး မေသဲထိုက်၊ ရှေ့ထွက်မင်းသမီး ချောသစ္စာဝေ၊ လူရွှင်တော်များဖြစ်ကြသည့် ရွှေအိုး၊ ဝိုင်းချစ်၊ ကောင်းကျော်နှင့် စူပါ တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

**သတင်းစဉ်**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ – ၉ – ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၂၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၂၇၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၆၀/၁၁၇၀ ကျပ် | ၁၁၉၀/၁၂၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၆၅/၁၁၈၀ ကျပ် | ၁၂၀၅/၁၂၃၅ကျပ် |
| အောက်တိန်း ၉၂ | ၁၁၆၅/၁၁၇၅ ကျပ် | ၁၂၂၀/၁၂၅၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၉၀ /၁၂၁၅ ကျပ် | ၁၃၀၀/၁၃၂၅ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၀၆၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၀၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၅၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၃၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၂၀၀ | ၁၀၆၈၀၀၀၀ |
| MTSH | ၃၂၀၀ | ၃၁၀၀ | ၅၅၁၅ | ၁၇၁၂၃၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၆၉ | ၂၀၉၈၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၈ | ၂၂၀၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၂၄၇ | ၇၁၆၃၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆ | ၂၉၄၀၀ |

ညီညီ – စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** – အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** – မြင့်စိုး
**သတင်းထောက်မှူး** – ခင်ရတနာ
**စာတည်းများ** – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** – ခြူးစန္ဒီခွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** – တင်စိုး
**သုတေသန** – အိအိခင်နှင့် အဖွဲ့
**စာပြင်** – အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** – သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျိုင်းတုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များထောက်ပံ့

**ကျိုင်းတုံ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ကျိုင်းတုံမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အရှေ့ပိုင်း မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေသည့် ကျိုင်းတုံမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများအတွက် ကြက်ဥ အလုံး ၁၀၀၀၊ လူမှုရေးအသင်းသုံးသင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၇၀၀၊ ဖျားနာလူနာကုသမှုဆေးခန်းအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀၊ ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးကိရိယာ ၂၀၀၀၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ၂၀၀၊ ရှမ်းအရှေ့ မြို့နယ်များအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးလေးလုံးနှင့် ကျိုင်းတုံတက္ကသိုလ်အတွက် အားဆေးများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**




ဆက်လက်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ကျိုင်းတုံမြို့နယ်အတွင်း ကန့်သတ်စောင့်ကြည်ရေးစင်တာ၊ ပိုးတွေ့စင်တာနှင့် ဖျားနာလူနာကုသမှုဆေးခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် ဆီများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

# မော်လိုက်မြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေး အလှူငွေပေးအပ်

**မော်လိုက် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေး အတွက် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လှူဒါန်းငွေများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၏ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၁၂၇၀၀၀ ကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သီဟဝင်းက အလှူငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်မင်းက အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်းက မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စုစုပေါင်း လှူဒါန်းငွေကျပ် ၇၃၇၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနောင်ထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးကျော်စွာလင်းတို့က လက်ခံယူကြသည်။ **(အောက်ပုံ)**



အဆိုပါ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအတွက် လှူဒါန်းငွေကျပ်သိန်း ၁၆၀၀ ရရှိထားပြီး ယခု ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ဝန်ထမ်းများ၏ လှူဒါန်းငွေပေါင်း ကျပ်သိန်း၂၉ ဒသမ ၆၄ ထပ်မံရရှိခဲ့သဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၆၂၉ ဒသမ ၆၄ သိန်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

# တွံတေးမြို့နယ်တွင် တန်ဖိုးသင့် ဆန်၊ ဆီ၊ ကြက်ဥများ ပဉ္စမအကြိမ် လာရောက်ရောင်းချ

**တွံတေး စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေး ရည်ရွယ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်မှုဖြင့် တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်များ လာရောက်ရောင်းချပေးသည်။

ထိုသို့ ရောင်းချရာတွင် ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ မြို့မစည်ပင်သာယာဈေးရှေ့၊ အိုးဖိုအရှေ့ရွှေညောင်ပင်လမ်းဆုံနှင့် ကျောက်တိုင်မီးပွိုင့်လမ်းဆုံတို့တွင် မြို့နယ်နေပြည်သူများအား ဆန်ကြမ်းတစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငါးပြည်အိတ်တစ်အိတ်ကို ငွေကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပေါ်ဆန်း တစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ငါးပြည်အိတ် တစ်အိတ်ကို ငွေကျပ် ၈၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ဆီ ၆၀ သား တစ်ဘူးကို ငွေကျပ် ၁၈၅၀ ဖြင့် လည်းကောင်း၊ ကြက်ဥ ၁၀ လုံး တစ်ကတ်ကို ငွေကျပ် ၁၂၀၀ နှုန်းဖြင့် လည်းကောင်း ရွှေ့လျားဈေးကားဖြင့် ရောင်းချပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အင်းစိန်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်း ၁၁၂၂၇ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့် အထက်ရှိ သက်ကြီးဘိုးဘွားများ၊ စက်ရုံ/အလုပ်ရုံနှင့် ကုမ္ပဏီဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သတ်မှတ်ထားသော နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။



ထိုးနှံပေးရာတွင် အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကြီးကြပ် စောင့်ရှောက်ခဲ့ပြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ) ဒေါက်တာ မိုးမိုးမြင့်နှင့် အခြေခံကျန်းမာရေး ကျွမ်းကျင်ပညာရှင်များက အဖွဲ့များခွဲ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက် ထိုးနှံသူများအား ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပြီး ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ထိုးနှံပေးရာတွင် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ ဝန်ထမ်း ၁၁၂၂၇ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီး ဆက်လက် ထိုးနှံလျက်ရှိကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခွဲထက်ကို (ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်ရှိ ဒေသခံပြည်သူ ၆၁၅၅ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးစီး

**ဝမ်းတွင်း စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် အသက် ၆၅ နှစ်နှင့် အထက်ပြည်သူများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဩဂုတ်လနောက်ဆုံးပတ်မှ စတင်ကာသက်ဆိုင်ရာ စုရပ်နေရာများတွင် ထိုးနှံပေးခဲ့ရာ စက်တင်ဘာ ၁၄ ရက်အထိ ဒေသခံပြည်သူ ၆၁၅၅ ဦးကို ကာကွယ်ဆေးများ ထိုးနှံပြီးစီးကြောင်း သိရသည်။

ဆီနိုဖမ်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်မြောက် ထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထားထားနှင့် ဌာနဆိုင်ရာများက လိုအပ်သော ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးကြပြီး ဆေးထိုးရန် ကျန်ရှိသည့်ဒေသခံပြည်သူများအား ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြို့နယ် (ပြန်/ဆက်)

# မိုးညှင်းမြို့၌ နေရပ်စွန့်ခွာစခန်းမှ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မိုးညှင်း စက်တင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အောင်သပြေရပ်ကွက် စိန်ပက်ထရိတ်ဘုရားကျောင်းရှိ နေရပ်စွန့်ခွာစခန်းမှ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုဝင်များအား ယမန်နေ့က ထောက်ပံ့ရေးပစ္စည်းများ လာရောက်ပေးအပ်ကြောင်း သိရသည်။



ထိုနေရပ်စွန့်ခွာစခန်းမှ အိမ်ထောင်စုဝင်များ ရွှေ့ပြောင်းနေထိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ကြီးကြပ်မှုဖြင့် UNHCR အပါအဝင် သက်ဆိုင်ရာအသင်းတော်နှင့် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် မိုးညှင်းမြို့ အောင်သပြေရပ်ကွက် အပိုင်း(၃)ရှိ GTC ကျောင်း အနောက်ဘက်ခြမ်းတွင် ဆောက်လုပ်ပေးခဲ့သည့် လုံးချင်းနေအိမ် ၁၀ လုံးတို့ကို ဩဂုတ် ၂၅ ရက်တွင် အဆိုပါအိမ်ထောင်စုဝင်များ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ လာရောက်ပေးအပ်ရာ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်က အားပေးစကားပြောကြားပြီး ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင် တာဝန်ခံဦးသက်နိုင်ဝင်းက ထောက်ပံ့ရေးပစ္စည်းများ လာရောက်ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရာတွင် နေရပ်စွန့်ခွာစခန်းမှ ပြောင်းရွှေ့နေထိုင်ခဲ့သည့် အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၅၂ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀ သိန်း၊ ဆန် ၆ ပြည်အိတ် ၁၆ အိတ်၊ ဆီပိဿာ ၂၀၊ ဆား ၁၀ ပိဿာနှင့် ကုလားပဲ ပိဿာ ၂၀ စုစုပေါင်းတန်ဖိုးငွေကျပ် တစ်ဆယ့်ခြောက်သိန်းငါးသောင်းငါးရာ၊ Family Kit ပစ္စည်း ၂၁ မျိုးပါ ၁၀ ပုံးနှင့် Hygiene Kit-E ၁၀ ဖာ စသည်တို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်တာဝန်ခံတို့က ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**

# သီပေါမြို့နယ်ရှိ အခြေခံအိမ်ထောင်စုများနှင့် နေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ လှူဒါန်း

**သီပေါ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာတွင် ဖြူစင်နှလုံးသား လူမှုကူညီရေးအသင်း(နမ့်လန်)နှင့် စေတနာရှင်အလှူရှင်များ စုပေါင်းလှူဒါန်းသည့် အခြေခံစားသောက်ကုန်ပစ္စည်းရှစ်မျိုးကို ကိုဗစ်-၁၉ ကာလအခက်အခဲရှိသော ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအား လှူဒါန်းပေးလျက်ရှိရာ ယမန်နေ့က ပြည်သူများနှင့် နေရပ်စွန့်ခွာ ပြည်သူများသို့ ဆက်လက်လှူဒါန်းပေးကြောင်း သိရသည်။

ထိုသို့ လှူဒါန်းပေးရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့် အညီ စနစ်တကျ ဆောင်ရွက်၍ တစ်အိမ်ထောင်လျှင် ဆန်၊ ဆီ၊ ဆား၊ မြေပဲ၊ ကြက်သွန်နီ၊ ကြက်ဥ၊ ခရမ်းချဉ်သီး၊ ခေါက်ဆွဲခြောက် စသည့် အခြေခံစားသောက်ကုန်ရှစ်မျိုးကို ရပ်ကွက်၊ ကျေးရွာများအလိုက် သွားရောက်လှူဒါန်းပေးကြသည်။



နမ့်လန်ကျေးရွာအုပ်စုအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အခက်အခဲရှိသော အိမ်ထောင်စုများအား လှူဒါန်းပေးရာတွင် ယမန်နေ့က ကောင်းခမ်းရပ်ကွက်မှ အိမ်ထောင်စု ၃၀၊ အေးချမ်းသာရပ်ကွက်မှ အိမ်ထောင်စု ၁၈ စု၊ ကုန်းညောင်ရပ်ကွက်မှ အိမ်ထောင်စု ၁၅စု၊ ကောင်းလန်းရပ်ကွက်မှ အိမ်ထောင်စု ၁၀ စုနှင့် ကောင်းလန်းရပ်ကွက်ရှိ ယာယီနေရပ်စွန့်ခွာစခန်းမှ ပြည်သူ ၂၅ ဦးအတွက် လှူဒါန်းပေးပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ အိမ်ထောင်စုပေါင်း ၁၂၀၀ ခန့်ကို လှူဒါန်းပေးနိုင်ပြီ ဖြစ်ကြောင်း၊ ကျန်ရှိနေသော ရပ်ကွက်၊ ကျေးရွာများရှိ အခက်အခဲရှိသော အိမ်ထောင်စုများအား ဆက်လက် လှူဒါန်းပေးလျက်ရှိကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခင်လေး(ပြန်/ဆက်)**



# ဝါးခယ်မမြို့၌ မြစ်ကမ်းပါးပြိုကျသဖြင့်ပြောင်းရွှေ့ခဲ့သော နေအိမ် ၂၆ လုံးအတွက် ထောက်ပံ့ငွေများပေးအပ်

**ဝါးခယ်မ စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် မြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျခဲ့သဖြင့် ရေဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့ခဲ့သော ကျေးရွာသုံးရွာမှ နေအိမ် ၂၆ လုံးအတွက် ထောက်ပံ့ငွေများကို ယမန်နေ့က ရွှေလောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေများကို မြောင်းမြခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့ရည်ချိုနှင့် တာဝန်ရှိသူများက ဟသ်ာဒုံးကျေးရွာရှိ နေအိမ် ၁၅ လုံး၊ စစ်တန်းကျေးရွာရှိ နေအိမ်တစ်လုံး၊ အထက်ပေကုန်းကျေးရွာရှိ နေအိမ် ၁၀ လုံး စုစုပေါင်း နေအိမ် ၂၆ လုံးအား အိမ်ဆောက်ပစ္စည်းရန်ပုံငွေအဖြစ် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၆ သိန်း၊ မိသားစုဝင် ၁၄၂ ဦးအတွက် ဆန်ရိက္ခာအဖြစ် တစ်ဦးလျှင်ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၈၂၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၈၉၈၂၀၀ အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **စောသန္တာဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံသား ၅၄ ဦးအား ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် လွှဲပြောင်း

**ချင်းရွှေဟော် စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံရှိ မြို့အသီးသီးတွင် အလုပ်သွားရောက်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား ၅၄ ဦးအား တရုတ်နိုင်ငံ နယ်ခြားစောင့် လူဝင်မှု စစ်ဆေးရေးဌာန၊ရဲမှူးကျန်းကျင်းကွေးဦးဆောင်သောအဖွဲ့က ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ တရုတ်-မြန်မာနယ်စပ်စစ်ဆေးရေးစခန်းသို့ ချင်းရွှေဟော်နှစ်နိုင်ငံနယ်စပ် တံတားပေါ်တွင် ယမန်နေ့က လွှဲပြောင်းပေးအပ်ခဲ့ရာ အမှတ်(၁၂၉) ရှေ့တန်းခြေလျင်တပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီးထွန်းမင်းခိုင်၊ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လဝကမှူး ဦးကျော်မိုး ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် စိစစ်လက်ခံ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါရွှေ့ပြောင်းလုပ်သားများသည် ချင်းရွှေဟော်၊ မူဆယ်၊ ကန်ပိုက်တီးမြို့တို့ရှိ နယ်စပ်ဂိတ်များမှလည်းကောင်း၊ တရားမဝင် တောလမ်းများမှလည်းကောင်း တရုတ်နိုင်ငံသို့ သွားရောက်ကြပြီး တရုတ်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ရာမှ နယ်မြေကျော်ဝင်ရောက်မှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ်ကျခံကာ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးသူများ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် အမျိုးသား ၃၄ ၊ အမျိုးသမီး ၂၀ စုစုပေါင်း ၅၄ ဦးအား ချင်းရွှေဟော် ပြည်သူ့ဆေးရုံတာဝန်ခံနှင့် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးပြီး ရပ်ကွက်(၃)ရှိ အခြေခံပညာအထက်တန်းကျောင်း ယာယီကန့်သတ်စောင့်ကြည့်ရေး စင်တာတွင် ပို့ဆောင်ထားရှိသည်။ ၎င်းတို့အား သတ်မှတ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါစစ်ဆေးပြီး ပိုးမတွေ့သူများအား ၎င်းတို့နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။



**စည်သူမောင်မောင်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇကဘုရားမြောက်ဘက် အပြင်မဟာရံတံတိုင်း ပြိုကျပျက်စီး

**ပုဂံ စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇက ဘုရားကြီး၏မြောက်ဘက်ခြမ်းရှိ အပြင်မဟာရံ တံတိုင်းသည် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခန့်က ပြိုကျပျက်စီးခဲ့ကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ သိရသည်။

အဆိုပါ ဓမ္မရာဇကဘုရားကြီး မြောက်ဘက် ခြမ်း မဟာရံတံတိုင်း၏ အလျား ၂၂ ပေ၊ အမြင့် ရှစ်ပေ၊ ထုနှစ်ပေခန့် ပြိုကျပျက်စီးသဖြင့် ညောင်ဦးခရိုင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုတိုင်းတာပြီး ရှေးမူမပျက်ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက် မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနစာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာ ၁၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဖိုးချွန်းနှင့် ဝိတ်ပေါတို့၏ ရေဘဲဖမ်းရာက တွေ့ကြုံရသော အဖြစ်အပျက်ကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါနှင့် ဆိုးတဲ့အကြံ" မျက်နှာဖုံး ကာတွန်း၊ မြန်မာတို့၏ တော်သလင်းလချိန်ခါတွင် ရိုးရာလှေသဘင်ပွဲ ကျင်းပကြပုံအကြောင်း ဗဟု သုတဖြစ်ဖွယ် တင်ဆက်ထားသည့် "တော်သလင်း လနှင့် မြန်မာ့ရိုးရာလှေသဘင်ပွဲ" သုတဆောင်းပါး၊ ကလေးတို့ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ ပြဿနာတစ်ခု ဖြေရှင်းရာတွင် မှန်သောဘက်ကနေ၍ အမြဲတမ်းရပ်တည်သည် ဆိုသော လေးပြောင်အကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖိုးသားနှင့် လေးပြောင်" နှစ်မျက်နှာ ကာတွန်း၊ ဆရာ၊ ဆရာမများ၏ စကားကို အလေးထား၍ စည်းကမ်းရှိစွာ ကြိုးစားနေထိုင် ပြုမူခြင်းသည် ရလဒ်ကောင်းနှင့် အောင်မြင်မှုများ ရရှိပုံအကြောင်း တင်ဆက်ထားသည့် "စည်းကမ်း ကောင်းခြင်း၏ ရလဒ်"ဝတ္ထုကဏ္ဍ၊ စည်းကမ်းမဲ့စွာ ပြုမူနေထိုင်ခြင်းကြောင့် ထိဆုငွေနှင့် လွဲခဲ့ရပုံ အကြောင်း ရေးဖွဲ့ထားသည့် "စည်းကမ်းတန်ဖိုး" တစ်မျက်နှာ ကာတွန်းကဏ္ဍတို့ အပါအဝင် ပုံပြင် ကဏ္ဍ၊ အင်္ဂလိပ် စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။ **သတင်းစဉ်**




## ကျောက်ဆည်မြို့ အောက်ဆီဂျင်စက်ရုံ ရာနှုန်းပြည့်ပြီးစီး၍ အောက်ဆီဂျင်များ စတင်ဖြန့်ဝေ

**ကျောက်ဆည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တွင် အောက်ဆီဂျင် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြက်မင်းတွန် ရပ်ကွက် ရွှေစေတီကျောင်းတိုက်အတွင်း ဆရာတော်ဘဒ္ဒန္တပညာသာမိ ဦးဆောင်မှုဖြင့် စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်ငွေများ ဖြင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အောက်ဆီ ဂျင်များ စတင်ထုတ်လုပ် ဖြန့်ဝေပေးလျက် ရှိကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်စက်ကို အလှူရှင် များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောက် လုပ်ခြင်းဖြစ်ပြီး အကျယ်အဝန်းမှာ ရုံးခန်း အပါအဝင် အလျားပေ ၈၀ ၊ အနံ ၂၅ ပေ၊ အမြင့် ၁၃ ပေရှိကာ စက်နှင့် စက်ရုံအတွက် ငွေကျပ်သိန်း ၂၀၀၀ ကျော် ကုန်ကျခဲ့ကြောင်း နှင့် ယခုအခါ အောက်ဆီဂျင်စက်ရုံမှ နေ့စဉ် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၆၀ ထုတ်လုပ်ဖြန့်ဝေလျက်ရှိကြောင်း၊ အောက်ဆီ ဂျင် လိုအပ်မှုများလာပါက တစ်နေ့လျှင် အိုးပေါင်း ၁၆၀ အထိတိုး၍ ထုတ်လုပ်ဖြန့်ဝေ မည်ဖြစ်ကြောင်း အောက်ဆီဂျင်စက်ရုံဖြစ် မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောပြ သည်။



ကျောက်ဆည်မြို့ အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိလာသော အောက်ဆီဂျင်များကို အထွေ ထွေရောဂါကုပြည်သူ့ဆေးရုံကြီးနှင့် လူမှုရေး အသင်းအဖွဲ့များအား ဦးစားပေး ဖြန့်ဝေပေး လျက်ရှိပြီး စက်ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် အထွေထွေအသုံးစရိတ်အတွက် ရန်ပုံငွေ လျော့နည်းမှုမရှိစေရန် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအကြီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၀ ကောက်ခံမည်ဖြစ်ကြောင်းနှင့် လီတာ ၄၀ အောက် အောက်ဆီဂျင်အိုးအသေးများ ကိုမူ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရ သည်။ **သက်မောင်(ကျောက်ဆည်)**

## သထုံမှ စစ်တောင်းစက္ကူစက်ရုံသို့ ပေးပို့သည့် ဓာတ်ငွေ့ပိုက်လိုင်းဟောင်းမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်

**ကျိုက်ထို စက်တင်ဘာ ၁၆**

ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက် တကေးပိုင်းတွင် သထုံမြို့မှ ကျိုက်ထိုမြို့နယ်ရှိ စစ်တောင်းစက္ကူစက်သို့ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းဟောင်းသည် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီခန့်တွင် ယိုစိမ့်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်သည့်နေရာသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ သွားရောက် စစ်ဆေးခဲ့သည်။ အဆိုပါ ဓာတ်ငွေ့ယိုစိမ့်မှုကို ပြန်လည်ပြုပြင်နိုင်ရေး အတွက် ပိုက်လိုင်းတာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်နှင့်အဖွဲ့က သထုံမှ စစ်တောင်းစက္ကူစက်သို့ ပို့ဆောင်ပေးသည့် လမ်းကြောင်းပေါ်မှ လက်ပြ ကျေးရွာရှိ ဓာတ်ငွေ့ပိုက်လိုင်းဘားကိုပိတ်၍ ဓာတ်ငွေ့ယိုစိမ့်မှုကို ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

## ပခုက္ကူမြို့၌ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများရောက်ရှိ

**ပခုက္ကူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ များ၏ အောက်ဆီဂျင်အရေးပေါ် လိုအပ်မှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် အတွက် ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ သံဃာဆေးရုံ ရှေ့ အောက်ဆီဂျင်စက်ရုံထားရှိ ရေးတည်ဆောက်သည့် မြေနေရာ တွင် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ ယနေ့နံနက် ပိုင်းက ရောက်ရှိသည်။

အဆိုပါအောက်ဆီဂျင်စက်မှာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး တစ်နာရီလျှင်လီတာ ၄၀ ဆံ့ အိုး ၁၀လုံး ထွက်ရှိမည်ဟု ခန့်မှန်း ထားကြောင်း၊ စက်ရုံအတွက် လျှပ်စစ်ပိုင်းအနေဖြင့် ၂၀၀ ကေဗွီ အေထရန်စဖော်မာ အသုံးပြုမည် ဖြစ်ကြောင်း၊ စက်ပစ္စည်းများ နေရာချထားရေး အတွက် အောက်ဆီဂျင်စက်ရုံ တည် ဆောက်ရေး ကော်မတီက ဆောင်ရွက်လျက် ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်နိုင်ဝင်းက ပြောသည်။

အောက်ဆီဂျင်စက်နှင့် ဆက် စပ်ပစ္စည်းများ ရောက်ရှိလာမှုကို ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် အဖွဲ့ဝင်များ သွားရောက် ကြည့်ရှုကာ မကြာမီ ရက်ပိုင်းအတွင်း စတင်ထုတ်လုပ် လည်ပတ်နိုင်ရေးအတွက် လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပြီး စက်ရုံတပ်ဆင် ပြီးစီးပါက ပခုက္ကူမြို့ အထွေထွေ ရောဂါကု ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူကြ သည့် လူနာများနှင့် မြို့နယ် အတွင်းရှိ ပြည်သူများ၏ အောက်ဆီဂျင်လိုအပ် ချက်များကို အချိန်မီ ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။




**ဆလိုင်းကိုကီး(ပြန်/ဆက်)**

# အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းကဖွဲ့စည်းထားသော NUG ၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဘို့ကျည်(ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ၊ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E)လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါ တိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးသေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့်ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတို ငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့် ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများ ငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါ ငှားရမ်းထားသည့်နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်သည့်အမှုများနှင့် ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ PNO အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့သို့ စားသောက်ဖွယ်ရာများ ထောက်ပံ့

**တောင်ကြီး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့သို့ အစားအသောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲနှင့် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူရှင်များမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ PNO အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့များသို့ ပေးအပ်သည့် အစားအသောက် ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီတို့ကို ပေးအပ်ရာ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူသည်။ **(ယာပုံ)** ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်က ကြက်ဥ၊ ဆား၊ ငါးခြောက်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက နှာခေါင်းစည်း အခုရေ ၂၀၀၀၀ တို့ကို ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရှမ်း(တောင်) သတ္တုလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၀၀၊ PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့က ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



အဆိုပါ အဖွဲ့သို့ ဆန် ၅၁ အိတ်၊ ဆီ ၁၃၅ ပိဿာ၊ ငါးခြောက် ၁၃၅ ပိဿာ၊ ကြက်ဥအလုံး ၅၄၀၀ စည်း အခုရေ ၂၀၀၀၀တို့အား ထောက်ပံ့ပေးအပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ နှင့် နှာခေါင်း ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ထူးချွန်ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု



**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးမှ ထူးချွန်ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ပြီး လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီးအတွင်း အကြမ်းဖက်အဖွဲ့များကို စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးမှ ထူးချွန် ရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုကြောင်းပြောကြားသည်။

ထို့နောက် ထူးချွန်ရဲတပ်ဖွဲ့ဝင် ၆၁ ဦးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ရာ ထူးချွန် ရဲတပ်ဖွဲ့ဝင်များကိုယ်စား ရဲမှူး မျိုးမြင့်ကလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပေးအပ်ချီးမြှင့်ရာ ရဲအုပ်အောင်ကိုသန့်က လည်းကောင်း လက်ခံယူကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# အင်းတော်မြို့နယ်၌ နှစ်ရက်ဆက်တိုက်မိုးသည်းထန်၍ လမ်းများရေကျော်သဖြင့် ကားများရပ်တန့်စောင့်ဆိုင်းနေရ

**အင်းတော် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ နှစ်ရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများကြီးကာ ကားလမ်းပေါ် ရေကျော်သဖြင့် ကားများရပ်တန့်၍ စောင့်ဆိုင်းနေကြရကြောင်း သိရသည်။

ယမန်နေ့မှစ၍ ယနေ့နံနက်ပိုင်းအထိ အဆက်မပြတ် မိုးရွာသွန်းနေသဖြင့် ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမပေါ် နန့်သဲကျေးရွာ အနီးရှိ နန့်သဲချောင်း ရေကြီးရေလျှံဖြစ်ကာ လမ်းပေါ်သို့ ရေကျော်နေသဖြင့် ကားကြီး ကားငယ်များအားလုံး ရေအကျတွင် ဖြတ်သန်းမောင်းနှင်နိုင်ရန် စောင့်ဆိုင်းနေကြရခြင်း ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ ဒီနေရာကိုရောက်တာ တစ်နာရီကျော်ရှိပြီ။ ရေကမကျသေးဘူး။ ရေစီးသန်ပြီးတော့ ရေကတအားကြီးနေတာ ဘယ်လိုမှ ကားဖြတ်ကူးလို့ မရနိုင်ဘူး။ ရေအကျကိုစောင့်ပြီး ကူးရမှာပဲ။ ဘယ်အချိန် ရေကျမလဲမသိဘူး။ မိုးကတော့ ဆက်ရွာနေတုန်းပဲ"ဟု ကားသမားတစ်ဦးကပြောသည်။

ချောင်းရေကြီးရေလျှံမှု ဖြစ်ပွား၍ လမ်းပေါ်တွင် ရေကျော်နေသော်လည်း လူ၊ တိရစ္ဆာန်များ၊ အိမ်နှင့် ပစ္စည်းများ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**လှိုင်ဘွား (ဗန်းမောက်)**

# မုဒုံမြို့၌ မိုးရာသီ သီးနှံစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးရေးစရိတ်ဘဏ်ချေးငွေ ကျပ်သိန်းပေါင်း ၁၆၃၇၅ ဒသမ ၅ သိန်း ထုတ်ချေးပေးထား

**မုဒုံ စက်တင်ဘာ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် တောင်သူများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း စီးပွားရေးကုစားမှုအနေဖြင့် အခက်အခဲများ အဆင်ပြေစေရန် ရည်ရွယ်၍ စက်တင်ဘာ ၁၄ ရက်က မုဒုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆက်သွယ်ကျေးရွာနေ တောင်သူလယ်သမားများကို မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများ ထုတ်ချေးပေးသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ၂၀၂၀ ပြည့်နှစ်အတွက် မိုးရာသီ စိုက်ပျိုးစရိတ် ဘဏ်ချေးငွေပြေကျေသည့် ဆက်သွယ်ကျေးရွာရှိ တောင်သူလယ်သမား ၃၂ ဦး၏ လယ်ဧက ၁၃၄ ဧကအတွက် ဘဏ်ချေးငွေကျပ်စုစုပေါင်း ၂၀၁ သိန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘဏ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူဦးရေ စုစုပေါင်း ၁၅၁၇ ဦး၏ လယ်ဧက ၁၀၉၁၇ ဧက ချေးငွေစုစုပေါင်းငွေကျပ် သိန်း ၁၆၃၇၅ ဒသမ ၅ သိန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကျေးရွာအုပ်စုများကိုလည်း စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးယဉ်ဒွေးထံမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများပေးဝေ

**ညောင်ဦး စက်တင်ဘာ ၁၆**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အကြောင်း ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ပေးဝေသည့် လှုပ်ရှားမှုကို ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မြို့တွင်းလမ်းဆုံမီးပွိုင့်နေရာများနှင့် မဏိစည်သူဈေး ပတ်ဝန်းကျင်၌ ပြုလုပ်သည်။



မဏိစည်သူဈေးအတွင်း လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးစဉ်။

၃၆ နှစ်တာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် သက်ရှိများအတွက် အိုဇုန်းလွှာ၏ အကျိုးပြုမှုကို အများပြည်သူသိရှိနိုင်ရန် ညောင်ဦးမြို့လမ်းဆုံမီးပွိုင့်များတွင် ပညာပေးမြေစိုက်ဘုတ် စိုက်ထူပြသထားခြင်း၊ မဏိစည်သူဈေးပတ်ဝန်းကျင်နှင့် လမ်းဆုံနေရာများတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဝေငှခြင်းတို့ကို ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလွင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခြင်းဖြစ်သည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# အင်းစိန်မြို့နယ်၌ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မိုးရာသီကာလတွင် ဖြစ်ပေါ်လေ့ရှိသော ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန်၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ရေမြောင်းများပိတ်ဆို့မှုကြောင့် ခြင်များ ပေါက်ဖွားမှုမရှိစေရန် ရည်ရွယ်၍ ပြည်လမ်း ဂေါက်ကွင်းအနီးရှိ ရေမြောင်းများကို ရေစီးရေလာကောင်းမွန်ရေး စက်တင်ဘာ ၁၆ ရက်က ဆောင်ရွက်သည်။

အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဌာန ပတ်ဝန်းကျင်သန့်ရှင်းရေးမှ ဝန်ထမ်း ၁၀ ဦး၊ ရေစီးရေလာမှ ငါးဦး၊ ပန်းဥယျာဉ်မှငါးဦး၊ မြို့နယ် EO ရုံးမှ ငါးဦး စုစုပေါင်းဝန်ထမ်း ၂၅ ဦးက ရေမြောင်းအတွင်း အမှိုက်များ ရှင်းခြင်း၊ လမ်းဘေးဝဲ/ ယာမှ ချုံနွယ်များနှင့် မြေပုံများကို ရှင်းခြင်း၊ အမှိုက်များကို ထိန်ပင်အမှိုက်ကုန်းသို့ အမှိုက်သယ်ကားဖြင့် စနစ်တကျ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

အင်းစိန်မြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီတွင် ရေကြီးမှုများ မဖြစ်ပေါ်စေရန်အတွက် အဓိကချောင်းများဖြစ်သော ဖော့ကန်ရပ်ကွက်ရှိ ရွာမချောင်း၊ ရွာမအရှေ့ရပ်ကွက်ရှိ ပေါက်တောချောင်းနှင့် ကသွယ်ချောင်း စသည့်ချောင်းများနှင့် မြောင်းများကို ရေစီးရေလာကောင်းမွန်အောင် ရှင်းလင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မိုင်းယန်းမြို့နယ်မှ ကျေးရွာစိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိုင်းယန်း စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ် နောင်ဟွိုင်ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အရှည်နှစ်မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်လင်းထွန်းထံမှ သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ငွေလုံးငွေရင်းအသုံးစရိတ် ဒေသဖွံ့ဖြိုးရေး (ကျေးလက်ဒေသများရေရရှိရေးဆောင်ရွက်ခြင်း) ရန်ပုံငွေကျပ်သန်း၂၀ ဖြင့် ဆောင်ရွက်ပြီး စိမ့်စမ်းရေ နှစ်မိုင်သွယ်တန်းခြင်းနှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။ အဆိုပါ ရေပေးရေးလုပ်ငန်းပြီးစီးပြီဖြစ်၍ နောင်ဟွိုင်ကျေးရွာရှိ အိမ်ခြေ ၄၇ အိမ်မှ လူဦးရေ ၂၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်သည်။

**ခွန်ရဲထွေး**

ဥတုရာသီ၊ တောကိုမှီ၏

# မန္တလေး၌ ရွှေ့လျားကိုဗစ်စစ်ဆေးရေးအဖွဲ့က ပြည်သူများအား ရောဂါပိုး ရှိ မရှိ စစ်ဆေးပေး

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ရွှေ့လျားကိုဗစ်- ၁၉ ရောဂါ စစ်ဆေးရေးအဖွဲ့က ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့စစ်ဆေးပေးခြင်းကို ယမန်နေ့က အနိုပ်တော်ရပ်ကွက် အကွက်(၁၂/က)ရှိ သမဂ္ဂဓမ္မာရုံ၌ ပြုလုပ်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရွှေ့လျားကိုဗစ်- ၁၉ ရောဂါ စစ်ဆေးရေးအဖွဲ့မှ သူနာပြုဆရာမကြီး ဒေါ်နော်စန်းစန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နေပြည်သူ ၃၆ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့ စစ်ဆေးပေးခြင်းဖြစ်ကာ ရောဂါပိုးတွေ့ရှိသူ မရှိကြောင်း သိရသည်။

အဆိုပါ စစ်ဆေးပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါက်တာလင်းလင်းချစ်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အနိုပ်တော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကျော်နှင့် အဖွဲ့ဝင်များကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ဇော်လင်းဦး**
**(အောင်စံ)**



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ပေးသော အောက်ဆီဂျင်စက်သစ်ကြီး ကန့်ဘလူမြို့သို့ရောက်ရှိ

ကန့်ဘလူ စက်တင်ဘာ ၁၆

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိ ပြည်သူများ၊ အနီးဝန်းကျင်ရှိ မြို့နယ်များနှင့် ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အောက်ဆီဂျင်လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဆီဂျင်စက်သစ်ကြီးသည် ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ ယမန်နေ့က ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။**




ကန့်ဘလူမြို့အတွက် အသုံးပြုမည့် အဆိုပါ အောက်ဆီဂျင်စက်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးထားကြောင်း၊ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ၊ ၄၀၀ ဗို့ခ်ဓာတ်အားလိုင်း၊ ၁၀၀ ကေဗွီအေထရန်စဖော်မာနှင့် လျှပ်စစ်မီးကြိုးများ သွယ်တန်းခြင်းတို့အတွက် ဒေသခံ အလှူရှင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာတော်သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်းမှ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း ဘဏ္ဍာငွေရှာဖွေရေး ကော်မတီထံမှ သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်သစ်ကြီး၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၁၄၀၀ ရှိကြောင်း၊ မကြာမီရက်ပိုင်းအတွင်း စတင်ထုတ်လုပ်လည်ပတ်နိုင်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးရွှေအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးတို့နှင့်အတူ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းအောက်ဆီဂျင်စက် လည်ပတ်နိုင်ပါက တစ်ရက်လျှင်(၁၈ နာရီ) လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ခန့်မှန်းအလုံးရေ ၉၅ လုံးခန့် ထုတ်လုပ်နိုင်မည်ဖြစ်၍ဒေသတွင်းပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း
(ကန့်ဘလူ)

# ပျဉ်းမနားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး လာရောက်ထိုးနှံသူ ယခင်ထက်ပိုများလာ

**ပျဉ်းမနား စက်တင်ဘာ ၁၆**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ နာတာရှည်ရောဂါ ခံစားနေရသူများနှင့် မသန်စွမ်းသူများ အပါအဝင် အသက် ၅၅ နှစ်မှ ၆၄ နှစ်ကြား အသက်ကြီးသူများအား ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ယခင်ထက် လာရောက်ထိုးနှံသူ ပိုမိုများပြားလာကြောင်း သိရသည်။

"ယခင် ကာကွယ်ဆေးထိုးနှံပေးတဲ့အချိန်တွေတုန်းက ဒီလောက်လူမများဘူး။ ဒီနေ့ ကာကွယ်ဆေးလာထိုးတဲ့သူ တော်တော်များလာတာကို တွေ့ရတယ်။ ကာကွယ်ဆေးက ထိရောက်မှုရှိတယ်ဆိုတာကို ပြည်သူတွေ လက်ခံလာကြတာတွေ့ရတော့ ကျွန်တော့်အနေနဲ့ ဝမ်းသာမိတယ်" ဟု ကာကွယ်ဆေးထိုးနှံရေးစင်တာတွင် ကူညီဆောင်ရွက်ပေးနေသူတစ်ဦးက ပြောသည်။

ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ဆီနိုဖမ်း)မထိုးမီ စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီဂျင်ပမာဏ တိုင်းတာခြင်း၊ အပူချိန်တိုင်းတာခြင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူဦးရေ ၄၇၂၅ ဦး ထိုးနှံပေးပြီးဖြစ်ကာ ယခုအကြိမ်တွင် ၆၅၀၅ ဦး ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ယခင်ကာကွယ်ဆေးထိုးနှံခွင့်ရရှိသူများထဲမှ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သူများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ မသန်စွမ်းသူများနှင့် အသက် ၅၅ နှစ်မှ ၆၄ နှစ်အကြား အသက်ကြီးသူများအား စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ အဆင့်အလိုက် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဖြိုး(ပြန်/ဆက်)



# တရားခံ သုံးဦးနှင့်အတူ ဘိန်းဖြူ ၁၁၈ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၂ နာရီတွင် နောင်ချိုမြို့နယ် မူဆယ် - မန္တလေး ကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးသို့ လှစိုးဦး(ခ) လှဦး(၃၈နှစ်) မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်အား ရှာဖွေရာ ယာဉ်နောက်ခန်းတွင် စက္ကူဂျပ်ဖာ အဟောင်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဆာလာအိတ် ၃၈ အိတ်အတွင်းမှ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၈၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁၈ ဒသမ ၃၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၅ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ကျော်ဇေ (၄၃နှစ်) နှင့် အောင်စိုး (၃၁နှစ်)တို့အား Honda Airwave မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ မန္တလေးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



လှစိုးဦး၊ ကျော်ဇေနှင့် အောင်စိုးတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဘားအံမြို့၊ မုံရွာမြို့နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီတွင် ဘားအံမြို့ အမှတ်(၆)ရပ်ကွက် ကမ္ဘောဇလမ်းနေ ကျော်စည်သူနိုင်(ခ)ကျော်ရဲနိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းရှိ ကြမ်းပြင်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီခွဲတွင် ဘားအံ-ဇာသပြင် ကားလမ်း ဇာသပြင်(အနောက်) ကျေးရွာအနီးတွင် မောင်ငယ်ကို ဆိုင်ကယ်တစ်စီးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့နောက် ဘားအံမြို့နယ် ကော့ဒိုက်ပြင်ကျေးရွာနေ စောခင်ဇော်၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်စည်သူနိုင် (ခ) ကျော်ရဲနိုင် (၂၈နှစ်)၊ မောင်ငယ် (၆၆နှစ်)နှင့် စောခင်ဇော် (၅၀နှစ်)တို့ကိုလည်းကောင်း ဖမ်းဆီးရမိသည်။



သိုင်းထက်စိုး(ခ)သိုင်းထက်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပြည်ထောင်စုလမ်းအနီးတွင် သိုင်းထက်စိုး(ခ)သိုင်းထက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်လက်ကိုင်တွင် ချိတ်ထားသည့် ဘိန်းဖြူ သုည ဒသမ ၀၉၉၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် သိုင်းထက်စိုး(ခ) သိုင်းထက် (၂၆နှစ်) ကိုလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် ဇော်နိုင်မောင်းနှင်ပြီး မထိပ်ထားလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှ မြန်မာပါဝင်သော အုပ်စု (I) အိမ်ရှင်နိုင်ငံအား ပြန်လည်အတည်ပြုမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု (I) အိမ်ရှင်နိုင်ငံအား ပြန်လည်အတည်ပြုသွားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲပွဲပြုလုပ်ကတည်းက အုပ်စုအလိုက် လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံများကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု(I)တွင် ဗီယက်နမ်၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေပြီး တရုတ်(တိုင်ပေ)အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက အိမ်ရှင်အဖြစ်မှ ပြန်လည်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အုပ်စုမဲခွဲပွဲမတိုင်မီကတည်းက အိမ်ရှင်အဖြစ် လျှောက်ထားခြင်းမရှိသဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ဗီယက်နမ်တစ်နိုင်ငံသာ ကျန်ရှိတော့သည်။

အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုပွဲများကို အောက်တိုဘာ ၂၅ ရက် မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး လေးသင်း စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်း၏ နည်းပြချုပ်အဖြစ် ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေ့ဗ်က တာဝန်ယူကိုင်တွယ် လျက်ရှိသည်။

**ရဲရင့်လွင်**

# မြို့သစ်မြို့နယ် ဆဒ္ဒန်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျ

**မြို့သစ် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးတွင်အသုံးပြုနေရသည့် ဆဒ္ဒန်ရေလှောင်တမံသည် ယနေ့နံနက်ပိုင်းတွင် ရေပြည့်အမှတ်ထက် ၀ ဒသမ ၆ ပေခန့် ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆဒ္ဒန်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅၀ ပေဖြစ်ပြီး ဆည်၏အထက်ပိုင်း၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ၅၆၁ ဒသမ ၁၀ ပေဖြစ်ကာ ရေပြည့်အမှတ်ထက် ၀ ဒသမ ၆ ပေခန့် ရေကျော်ကျလျက်ရှိပြီး ဆည်၏ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ဆက်စပ်အဆောက်အအုံများကြံ့ခိုင်ကောင်းမွန်၍ ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆည်အနီးအနားနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် အရေးပေါ်အခြေအနေအဆင့်(၁)အဖြစ် အစိမ်းရောင်အလံ စိုက်ထူအသိပေးထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။

**ဝင်းအိဇွန် ( ပြန်/ဆက်)**


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးကြော့လမ်း၊ မြေကွက်အမှတ်(၇၃၇)၊ ဧရိယာပေ (၄၀x၆၀)ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာပေ(၂၃x၆၀)ခြေရင်းခြမ်းမြေနှင့် ယင်း မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချ ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအေး ၇/တငန(နိုင်)၁၀၄၆၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်ဇော်ဦး ၁၂/ရကန(နိုင်)၀၅၃၂၉၆က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (LL.B)
အထက်တန်းရှေ့နေ (စဥ်-၂၆၆၁၈/၀၇)
တက်နေဝန်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ကုမ္ပဏီလီမိတက်၊
ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း- ၀၉-၈၉၂၀၉၀၁၇၂

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ပခုက္ကူမြို့၊ အမှတ် (၇)ရပ်ကွက်၊ မြဟေဝန်လမ်းနေ ဦးမောင်မြင့်-ဒေါ်ချိုတူးတို့၏သမီး မအိခိုင်မြင့် ၈/ပခက(နိုင်)၂၅၉၁၉၁သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား နောက်နောင်တွင် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မြင့်-ဒေါ်ချိုတူး**

ဥတုရာသီ၊ တောကိုမှီ၏။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ မြန်မာ့မီးရထားမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၅)လစာ အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီများကို အောက်ဖော်ပြပါ နေရာများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

တင်ဒါအမှတ်- ၀၁/မမ/ပတ/ ဒီဇယ်ဆီ (၈၇၁၁၀၀)ဂါလန် (CME/CE) (2021-2022)

| စဉ် | ပေးပို့ရမည့်နေရာနှင့် အရေအတွက် | |
|---|---|---|
| ၁ | ရန်ကုန် | ဓနိတော/ကွေ့မ - ၇၈၇၆၀၀ ဂါလန် |
| ၂ | နယ် | တောင်ကြီး - ၁၆၀၀၀ ဂါလန်<br>စစ်တွေ - ၃၅၀၀ ဂါလန်<br>ဟသ်ာတ - ၃၂၀၀၀ ဂါလန်<br>ပခုက္ကူ - ၃၂၀၀၀ ဂါလန် |
| စုစုပေါင်း | | ၈၇၁၁၀၀ ဂါလန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၁၅ . ၁၀ . ၂၀၂၁) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆. ၉ .၂၀၂၁)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994, 095069366,09254488438

**အများသိစေရန် အသိပေးကြေညာခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၄၁၇)၊ အကျယ်အဝန်း အလျား ၆၀ ပေ x အနံ ၆၀ ပေ၊ ဧရိယာ(၀ဒသမ၀၈၂)ဧက ကျယ်ဝန်းသော မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဦးစိုးမော်(ဘ)ဦးအောင်သန်း ၁၁/စတန(နိုင်)၀၀၃၄၇၆ အမည်ဖြင့် ချထားပေးသော နှစ်(၃၀)မြေငှားဂရန်စာချုပ်ဖြစ်ပါသည်။ အဆိုပါ ဦးပိုင်မြေကွက်အမှတ်(၄၁၇)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးစိုးမော်ထံမှ စာချုပ်ချုပ်ဆိုဝယ်ယူထားသူ ဦးဟန်မောင်မောင်ကျော်မှ မိမိသာလျှင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဝိုင်းခြံမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်နိုင်ဝင်း(LL.B,WIPO(Switzerland))
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)
အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၀၉-၇၉၇၇၀၄၄၅၇

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က)ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ)ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အငယ်တန်းစာရေးရာထူးနေရာများအတွက်
## ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း
## ( ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် )
## ( ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် )

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရရှိသော အငယ်တန်းစာရေး ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်းတို့ကို ၁၂-၉-၂၀၂၂ ရက်နေ့တွင် တိုင်းဒေသကြီး(ပဲခူးတိုင်း ဒေသကြီး မပါ)/ ပြည်နယ်အသီးသီးနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့၌ ကျင်းပပြုလုပ်ခဲ့ပြီး ရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန် ကြေညာလိုက်သည်-

(က) **နေပြည်တော်နှင့်ပြည်ထောင်စုနယ်မြေအတွင်းရှိ ရုံးဌာနခွဲများ**

ပထစ - ၁၃၊ ၁၇၊ ၂၁၊ ၃၃၊ ၃၄၊ ၃၉၊ ၅၂၊ ၅၈၊ ၇၀၊ ၇၆၊ ၇၈၊ ၉၈၊ ၁၀၁၊ ၁၃၀၊ ၁၄၀၊ ၁၆၅၊ ၁၇၀၊ ၁၇၇၊ ၁၈၉၊ ၁၉၅၊ ၁၉၈၊ ၂၀၅၊ ၂၀၈၊ ၂၀၉၊ ၂၁၄၊ ၂၁၇၊ ၂၃၁၊ ၂၃၄၊ ၂၄၁၊ ၂၄၈၊ ၂၅၀၊ ၂၅၅၊ ၂၅၆၊ ၂၆၂၊ ၂၆၆၊ ၂၇၀၊ ၂၇၅၊ ၂၈၂၊ ၂၉၄။

(ခ) **ကချင်ပြည်နယ်**

ကခ - ၁၊ ၂၊ ၅၊ ၆၊ ၇၊ ၂၈၊ ၂၉၊ ၃၅၊ ၄၆။

(ဂ) **ကယားပြည်နယ်**

ကယ - ၁၊ ၂။

(ဃ) **ကရင်ပြည်နယ်**

ကရ - ၂၊ ၃၊ ၅၊ ၁၁၊ ၁၄။

(င) **ချင်းပြည်နယ်**

ချင်း - ၂။

(စ) **စစ်ကိုင်းတိုင်းဒေသကြီး**

စက - ၁၊ ၂၊ ၅၊ ၈၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၂၉၊ ၃၄၊ ၄၅၊ ၅၁၊ ၅၆၊ ၅၈၊ ၆၂၊ ၆၄၊ ၆၈၊ ၇၂၊ ၇၃၊ ၇၅၊ ၇၈၊ ၈၄၊ ၈၅၊ ၈၆။

(ဆ) **တနင်္သာရီတိုင်းဒေသကြီး**

တနသ - ၂၊ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၃၊ ၁၅၊ ၁၇၊ ၁၈၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅။

(ဇ) မကွေးတိုင်းဒေသကြီး

မက - ၈၊ ၁၂၊ ၂၀၊ ၂၁၊ ၂၇၊ ၃၂၊ ၃၆၊ ၃၇၊ ၄၀၊ ၄၆၊ ၅၅၊ ၆၆၊ ၈၅၊ ၁၀၀၊ ၁၀၂၊ ၁၁၀၊ ၁၃၀၊ ၁၃၃၊ ၁၃၄၊ ၁၃၅။

(ဈ) မန္တလေးတိုင်းဒေသကြီး

မန်း - ၃၊ ၄၊ ၅၊ ၆၊ ၈၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၂၉၊ ၄၂၊ ၅၃၊ ၅၄၊ ၆၈၊ ၇၄၊ ၈၇၊ ၈၉၊ ၉၉၊ ၁၁၆၊ ၁၁၉၊ ၁၂၁၊ ၁၂၅၊ ၁၄၃၊ ၁၅၃၊ ၁၅၄၊ ၁၆၀၊ ၁၈၀၊ ၁၈၃၊ ၁၈၄၊ ၁၈၅၊ ၁၈၈၊ ၁၉၅၊ ၁၉၆၊ ၂၀၇၊ ၂၀၈။

(ည) **မွန်ပြည်နယ်**

မွန် - ၁၊ ၄၊ ၆၊ ၁၇၊ ၃၅။

(ဋ) **ရခိုင်ပြည်နယ်**

ရခ - ၁၉၊ ၂၇၊ ၃၉၊ ၆၂၊ ၈၀၊ ၈၅၊ ၉၉၊ ၁၃၁၊ ၁၆၁၊ ၂၂၄၊ ၂၃၂။

(ဌ) **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိရုံးများ**

ရက - ၃၊ ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၂၇၊ ၃၀၊ ၃၁၊ ၃၅၊ ၃၇၊ ၄၀၊ ၄၅၊ ၄၆၊ ၅၂၊ ၅၃၊ ၅၅၊ ၅၈၊ ၆၅၊ ၆၈၊ ၇၆၊ ၈၆၊ ၉၉၊ ၁၀၁၊ ၁၀၂၊ ၁၀၄၊ ၁၁၀၊ ၁၂၂၊ ၁၂၇၊ ၁၃၀၊ ၁၃၄၊ ၁၃၇၊ ၁၄၁၊ ၁၅၁၊ ၁၅၂၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၂၊ ၁၆၅၊ ၁၆၇၊ ၁၇၀၊ ၁၇၅၊ ၁၈၁၊ ၁၈၂။

(ဍ) **ရှမ်းပြည်နယ်**

ရှမ်း - ၁၊ ၅၊ ၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၂၀၊ ၂၄၊ ၂၈၊ ၃၀၊ ၃၅၊ ၃၆၊ ၄၂၊ ၄၆၊ ၅၂၊ ၆၁၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၄၊ ၁၀၀၊ ၁၂၉၊ ၃၃၊ ၁၃၄၊ ၁၃၅။

(ဎ) **ဧရာဝတီတိုင်းဒေသကြီး**

ဧရာ - ၄၊ ၇၊ ၉၊ ၁၆၊ ၃၇၊ ၄၅၊ ၄၈၊ ၅၀၊ ၇၄၊ ၈၁၊ ၉၉၊ ၁၂၈၊ ၁၂၉၊ ၁၃၁၊ ၁၅၀၊ ၁၅၂၊ ၁၆၉၊ ၁၇၂၊ ၁၈၄၊ ၁၉၄။

၂။ ရွေးချယ်ခံရသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူးရုံးများသို့ ၂၀-၉-၂၀၂၂ ရက်(တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ အချိန်တွင် အောက်ပါစာရွက်စာတမ်းများနှင့်အတူ သတင်းပေးပို့ရမည်ဖြစ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)

(ခ) အိမ်ထောင်စုစာရင်း(မူရင်း/မိတ္တူ)

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့ရလက်မှတ်(မူရင်း/မိတ္တူ)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)

(င) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(စ) ၁ လက်မ x ၁.၂၅ လက်မ အရွယ်အစားရှိ လိုင်စင်ဓာတ်ပုံ(၁၀)ပုံ

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာန မှူးရုံးများသို့ သတ်မှတ်ထားသော နေ့ရက်တွင် လာရောက်သတင်းပို့ရန် ပျက်ကွက်သူများနှင့် ဌာနမှ သတ်မှတ်ထားသော ကတိဝန်ခံချက်ပုံစံတွင် လက်မှတ်ရေးထိုးခြင်း မပြုနိုင်သောသူများ၏ ရာထူးနေရာများ၌ ဝန်ထမ်းရွေးချယ်ခန့်ထားရေး အမှတ်အများအနည်း အလိုက်တန်းစီဇယားပါ အမှတ်စဉ်များ အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားမည် ဖြစ်သည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁/ပုဗ္ဗသီရိမြောက်ရပ်မှ မြေရိယာ(၀ဒသမ၁၁၀)ကေရှိ မြေကွက်အမှတ်(ပ-၂၂၆၆၁)၊ ဒေါ်စိမ့်စိမ့်ဆွေ ၉/ပမန(နိုင်) ၀၁၇၉၀၀(ဘ)ဦးမြင့်ဆွေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဘစ္စနူးကူးမား ၁၃/ရစန(နိုင်)၀၄၅၇၁၁(ဘ)ဦးအင်အယ်ရှာရ်မားမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၈/၂၀၁၂) တင်ပြ၍ ဒေါ်ဇင်မေသက် ၁၂/ဒဂမ(နိုင်)၀၃၆၄၇၃နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရိယာ(၀ဒသမ၁၁၀) ကေရှိ ဦးဇော်မိုး ၁၂/လမန(နိုင်) ၀၁၅၀၂၅(ဘ)ဦးစောထွန်းလှအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ်(ပ-၂၀၃၅၄) ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်စန္ဒာမာတင် ၁၂/ဒဂန(နိုင်)၀၁၄၈၈၃(ဘ) ဦးထွန်းအေး မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (၁၀.၉.၂၀၂၂)ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၇)ပါ ဒေါ်ဇင်သူဇာခိုင် နှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြိုးပပတို့၏ "ဦးသီဟဇော် နှင့် Mr. A JEKANATH အပါအဝင် အများသိစေရန် အသိပေးကြေညာခြင်း" အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Mr. A JEKANATH ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးသီဟဇော်နှင့် ဒေါ်ဇင်သူဇာခိုင် (၁၂/ပဇတ(နိုင်)၀၃၄၅၂၅)တို့၏ ငွေကြေးကိစ္စ အမှုအခင်းပြဿနာနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Mr. A JEKANATH အနေဖြင့် နှစ်ဦးနှစ်ဖက် ပြေလည်စေရန်အတွက် ကြားဝင်စေ့စပ် ညှိနှိုင်းဆောင်ရွက်ပေးရာတွင် -

(၁) အရစ်ကျစနစ်ဖြင့် ဒေါ်ဇင်သူဇာခိုင် ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ကန်ဘဲ့တာဝါ၊ (၂၄)လွှာ၊ Block E, Room-2401 ကွန်ဒိုတိုက်ခန်း၊

(၂) အရစ်ကျစနစ်ဖြင့် ဒေါ်ဇင်သူဇာခိုင် ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကန်ဘဲ့ဘူတာရုံလမ်း၊ ကန်ဘဲ့တာဝါ၊ (၂၀)လွှာ၊ Block A, Room-2001 ကွန်ဒိုတိုက်ခန်းနှင့်

(၃) စရန်ပေး (ငွေချေ)စနစ်ဖြင့် ဒေါ်ဇင်သူဇာခိုင်မှ ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၃၆ ရှိ မြေကွက်တို့အား ဒေါ်ဇင်သူဇာခိုင်မှ ဦးသီဟဇော်သို့ လွှဲပြောင်းပေးအပ်ရန်၊ ထို့အတူ ဦးသီဟဇော်မှ ဒေါ်ဇင်သူဇာခိုင်အား စွဲဆိုထားသောအမှုအား ရုပ်သိမ်းကြေအေးပေးရန်၊ ဒေါ်ဇင်သူဇာခိုင် အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသော မြေကွက်နှင့် ကွန်ဒိုတိုက်ခန်းများအတွက် ကျန်ငွေများအား ဦးသီဟဇော်မှ ဆက်လက်ပေးသွင်းသွားရန် ညှိနှိုင်းသဘောတူခဲ့ကြပါသည်။

ထိုသို့ ညှိနှိုင်းဆောင်ရွက်ရာတွင် ဒေါ်ဇင်သူဇာခိုင်မှ ၎င်း၏တိုက်ခန်းများမှာ ကျသင့်ငွေများ ပေးဆောင်ရန် ကျန်ရှိနေကြောင်း၊ ကျန်ငွေများ အပြေအကြေ ပေးသွင်းပြီးနောက် ပြန်လည်ရောင်းချပါက ကာလပေါက်ဈေးအားဖြင့် အကျိုးအမြတ်များစွာ ရရှိနိုင်ကြောင်း ပြောကြားခဲ့သည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေ Mr. A JEKANATH မှ အကယ်၍ ဒေါ်ဇင်သူဇာခိုင် ပြောသည့်အတိုင်း ကာလပေါက်ဈေးအရ အကျိုးအမြတ်များစွာ ရရှိခဲ့ပါလျှင် ဒေါ်ဇင်သူဇာခိုင်အား ထပ်မံကူညီပေးရန်အတွက် ဦးသီဟဇော်အား တိုက်တွန်းပေးမည်ဖြစ်ကြောင်း မိတ်ဆွေရင်းအနေဖြင့် ပြောကြားခဲ့ပါသည်။

အထက်ဖော်ပြပါ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဦးသီဟဇော်၏ကိုယ်စား ကျွန်ုပ်၏မိတ်ဆွေ Mr. A JEKANATH မှ စာရင်းဇယားများ အတိအကျ တွက်ချက်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက် အမှတ်စဉ် (၁) (၂) ကွန်ဒိုတိုက်ခန်းများအား ဦးသီဟဇော်အမည်သို့ ပြောင်းလဲခြင်းကို ဒေါ်ဇင်သူဇာခိုင် ကိုယ်တိုင်ကိုယ်ကျ လိုက်လံဆောင်ရွက်ပေးခဲ့ပြီး ဦးသီဟဇော်ကိုယ်စား Mr. A JEKANATH မှ ကွန်ဒိုတိုက်ခန်းအတွက် အရစ်ကျသွင်းငွေများ၊ ကြွေးကျန်များအား ဆက်လက်ပေးချေ၍ ကွန်ဒိုတိုက်ခန်း (၂)ခန်းအား လက်ရောက်လွှဲပြောင်းရယူခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် အမှတ်စဉ်(၃)မြေကွက်အား ဒေါ်ဇင်သူဇာခိုင်မှ ဦးသီဟဇော်သို့ အရောင်းအဝယ်စာချုပ်ဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ပေးအပ်ရာတွင် လူမှုရေးအရစာနာထောက်ထား၍ ဦးသီဟဇော်မှဒေါ်ဇင်သူဇာခိုင်သို့ ငွေကျပ် သိန်း(၃၀၀)ကို ပေးအပ်ခဲ့ပါသည်။

ထိုသို့ လူမှုရေးအရ စာနာထောက်ထားခြင်းအပေါ်တွင် အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချလိုသူမှာ ဒေါ်ဇင်သူဇာခိုင်ကိုယ်တိုင်သာလျှင် ဖြစ်ပါသည်။

သို့ဖြစ်၍ အမှတ်စဉ် (၁) (၂) (၃)ပါ မြေကွက်နှင့် ကွန်ဒိုတိုက်ခန်းများမှာ ဒေါ်ဇင်သူဇာခိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဦးသီဟဇော်မှ လက်ရှိလက်ရောက် ပိုင်ဆိုင်ပါကြောင်း ဒေါ်ဇင်သူဇာခိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးပြုံးမောင်မောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၂၈)**
**အမှတ် (၉၁၂)၊ ဗဟိုလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊**
**သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း - ၀၉၂၅၄၄၅၉၉၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ အကွက်အမှတ် (၆၈-က)၊ ထောင်ကြီးအကွက်၊ ဦးပိုင်အမှတ် (၃၁)၊ မြေရိယာ ၀ဒသမ ၀၃၃ကေရှိ မြို့မြေ (B)သည် ပုသိမ်မြို့၊ အမှတ် (၅)ရပ်ကွက်၊ မရမ်းချိုလမ်း၊ အိမ်အမှတ် (၂၁)နေ ဒေါ်တင်တင်အေးမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်း နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာနမှူး**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ- ၃၃၁၇၀)၊ မြေရိယာ(၀ဒသမ၁၄၆) ကေရှိ ဗိုလ်မှူးကြီးစန်းဝင်း (ဘ)ဦးကံရှိန် ၁၃/လရန(နိုင်) ၀၀၆၆၅၉ အမည်ပေါက် (ပါမစ်)မြေကွက် ကို ဒေါ်စိုးဇာဇာ (ဘ) ဦးတင်လှ ၁/မညန(နိုင်)၀၇၇၉၃၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက် ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဥတုရာသီ တောကိုမှီ

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မအိမ့်သီရိကို၊ (ဘ) ဦးအောင်ကိုကိုဝင်း ၁၂/ဒဂမ(နိုင်) ၀၀၇၀၂၀အား မအေးလဲ့ကြည်ဖြူဟု ပြောင်းလဲခေါ်ပါရန်။

**မအေးလဲ့ကြည်ဖြူ**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ပင်လိုန်အရှေ့အုပ်စု၊ ပင်လိုန်သပြေရေကျေးရွာအတွင်းတွင်တည်ရှိသည့် (အရှေ့လားသော်-လမ်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-မြေကွက်အမှတ် C-5၊ မြောက်လားသော်-သပြေရေ ရွာလမ်း)အနားလေးရပ်အတွင်းရှိ မြေကွက်အမှတ် (C-1, C-2, C-3, C-4) စုစုပေါင်း ဧရိယာ(၁ဒသမ၈)ကေအကျယ်ရှိ မြေအပါအဝင် ယင်းမြေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်မိုး ၁၂/ဥကတ(နိုင်) ၁၃၀၄၈၇ထံမှ ကျွန်မ ဒေါ်ဝင်းနန္ဒာဦးက (၃-၈-၂၀၂၂)ရက်တွင် အပြီးအပိုင်လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ ထိုမြေကွက်အား ကျွန်မ ၏သဘောတူခွင့်ပြုချက် တစုံတရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်းစသည့် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းနန္ဒာဦး**
**၁၂/မဂဒ(နိုင်)၁၂၆၇၀၈**
**၀၅-၁၀၉၊ သင်္ဂီလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၆၆၃၈Honda Wave M/Cယာဉ်လက်ဝယ်ရှိသူ ဦးစောရှိန်ဝင်း ၃/ဘအန(နိုင်)၀၂၅၅၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းသာဖြူ ၁၁/စတန(နိုင်)၀၆၉၈၈၁ ၏ နိုင်ငံကူး လက်မှတ်အမှတ် (၄၇၄၅၃၇)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၀၀၀၁၇၁

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဦးခင်စော ၁၁/ရသတ(နိုင်)၀၅၈၄၁၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (PASSPORT NO.MB 169844) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၇၅၉၄၂

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/5349 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5999 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ငြိမ်းချမ်းလှိုင် ၁၂/ဥကတ (နိုင်)၁၅၁၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၉၁)၊ ဝက်လူးအကွက်၊ ဦးပိုင်အမှတ်(၁၁/ခ)၊ မြေဧရိယာ(၀ ဒသမ ၁၂၈)ကေရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ် (၉) ရပ်ကွက်၊ ရွှေဝက်လူးဘုရားလမ်း၊ အမှတ်(၆၀) နေ ဒေါ်အေးမြင့်မြင့်၊ ဒေါ်တင်တင်ရီတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီမြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန
ပုသိမ်မြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လှိုင်ကော်မြို့၊ မ ဂ်လာရပ်ကွက်၊ ကွင်း/အကွက်အမည် (၄၅/မဂ်လာ)၊ ဦးပိုင်အမှတ် (၃၉/က)၊ (၀ဒသမ၁၁၃) ကေရှိ မြေကွက်သည် ဦးငွေခိုင် အမည်ဖြင့် လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ် (၄၇၆/၆၁-၆၂) အရ (၁၀)နှစ်မြေငှားဂရန်ကို (၁-၁-၁၉၆၆ မှ ၃၁-၁၂-၁၉၇၆ ထိ) အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ကျွန်မ ဒေါ်သန်းတင်၏ ဖခင်အရင်းဖြစ်သူ ဦးငွေခိုင်သည် (၁၃-၁၀-၁၉၇၉) ရက်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်။ ဦးငွေခိုင်အမည်ဖြင့် မြေငှားဂရန် မူရင်းမှာ ပျောက်ဆုံးလျက်ရှိပါသည်။ အဆိုပါမြေကွက်အား ကျွန်မဒေါ်သန်းတင် ၂/လကန(နိုင်)၀၁၉၄၃၅ အမည်ပေါက်မြေငှားဂရန်ရရှိရေး သက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြေငြာသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

ဒေါ်သန်းတင် (ဘ) ဦးငွေခိုင်
၂/လကန(နိုင်)၀၁၉၄၃၅
(မ/၅၂-က)၊ မင်္ဂလာရပ်ကွက်၊
လှိုင်ကော်မြို့
ဖုန်း- ၀၉-၇၈၅၁၇၈၆၆၃

## စာအုပ်စာပေ လူ့မိတ်ဆွေ

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ဦးတရုတ်ကြီးလမ်း၊ အမှတ်(၁၄၄)တွင် နေထိုင်သော ဒေါ်သန္တာအောင်ရွှေ ၁၂/လသယ(နိုင်) ၀၅၇၃၈၀ အနေဖြင့် အောက်ဖော်ပြပါအမှတ်တံဆိပ်၏မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်။ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်း စာချုပ်အမှတ်-၄/၂၄၅၃/၂၀၂၂ အနေဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Royal Kan Tharyar Hotel

(မှတ်ပုံတင်အမှတ် - ၄/၂၄၅၃/၂၀၂၂)

အထက်ဖော်ပြပါအမှတ်တံဆိပ်ဖြင့် ဟိုတယ်လုပ်ငန်းတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းနှင့်ပတ်သက်သောပစ္စည်းများအပေါ်တွင် ၎င်းလုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားများကို ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီး ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ယင်းလုပ်ငန်းအမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူ ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန္တာအောင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည် LL.B,M.A(Business Law)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၉/၂၀၁၇)
ဒေါ်သိမ့်ဇာနည်အောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၈၂၈/၂၀၁၆)
အမှတ်(၂/၄၆)၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၈၆၁၀၇

## အများပြည်သူသိရှိရန်ကြေညာချက်

Cam Capital Microfinance Ltd တွင် Mr.Kay Bunhan(Passport No-1253740) သည် ဒါရိုက်တာရာထူးမှ နုတ်ထွက်ပြီး Mr.Pengkuy Chhou(Passport No-00441610)ကို ဒါရိုက်တာအဖြစ် ၁၃-၉-၂၀၂၂ရက်မှစ၍ ခန့်အပ်ထားကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ ၂၈-၁-၂၀၁၅ရက်စွဲပါ စာအမှတ်-ငကစ/ကက-၆(၇၄/၂၀၁၅)အရ အများပြည်သူနှင့် အသင်းသားများ သိရှိစေရန် ကြေညာအပ်ပါသည်။ **ဒါရိုက်တာအဖွဲ့၊ Cam Capital Microfinance Ltd**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ ဒါရ်ဂါလမ်း၊ အမှတ်(၁၉)၊ (၆ လွှာ/A)အမည်တွင်သည့် တိုက်ခန်းအား ဒေါ်ရီမ်ဘဲရီမှ ၂၅-၂-၂၀၁၈ ရက်က လာရောက်ဝယ်ယူနေထိုင်ခဲ့ပြီး အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်း မူရင်းများမှာ ၂-၉-၂၀၂၂ ရက်တွင် ပျောက်ဆုံးသွားပါသည်။ အဆိုပါတိုက်ခန်းကို ဒေါ်ရီမ်ဘဲရီမှသာ လက်ဝယ်ပိုင်ဆိုင်ထားပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လွှဲပြောင်းထားခြင်း မရှိကြောင်း၊ ဒေါ်ရီမ်ဘဲရီမှသာ စီမံပိုင်ခွင့်ရှိကြောင်း၊ ၎င်း၏ခွင့်ပြုချက်မရှိဘဲ၊ မသိရှိဘဲ၊ သဘောမတူဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် အလွဲသုံးစားပြုလုပ်ပါက ဒေါ်ရီမ်ဘဲရီမှ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)
ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၅၇/ခ)ဟုခေါ်တွင်သော ဦးသန်းထွေး ၁၂/ဥကတ(နိုင်)၁၁၆၉၅၄ အမည်ဖြင့် မှတ်သားတည်ရှိသည့် အလျား ၂၀ ပေ x အနံ ၆၀ ပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဦးဇော်မင်းထွဋ် ၇/အဖန(နိုင်)၀၅၈၉၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူသင်း ၁၂/သကတ(နိုင်)၁၆၀၄၁၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေအရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြူကြူသင်း ၁၂/သကတ(နိုင်)၁၆၀၄၁၄ ၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကလျာဝင်း
အထက်တန်းရှေ့နေ (စဉ်-၃၄၂၁၁)
အမှတ်-၂၇၇/က၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၇၇၇၇၉၉၆၃

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅/သမိုင်း)၊ မြေကွက်အမှတ်(၃၀/က)၊ မြေဧရိယာ ၀ ဒသမ ၁၂၀ ကေရှိ မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၅/က၊ ဦးလွှန်းမောင်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် RC အမျိုးအစား (၂ ၁/၂)ထပ်တိုက်အဆောက်အအုံအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကေသီခိုင်(ဘ)ဦးအုန်းခိုင် ၇/ပမန(နိုင်)၀၀၅၉၇၈၊ အမှတ် ၁၅/က၊ ဦးလွှန်းမောင်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL) | ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ်-၁၂၂၊ ၂ လမ်း၊ အရှေ့ကြို့ကုန်း | အမှတ်-၁၂၂၊ ၂ လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊၀၉-၂၅၄၄၈၈၃၃၀ |

## ရွှေတိဂုံစေတီတော် ၂၀၂၂ ခုနှစ် ပြက္ခဒိန်ရိုက်နှိပ်ခြင်းလုပ်ငန်း ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်ကြော်ငြာ

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နှစ်စဉ်ရိုက်နှိပ်ဖြန့်ချိနေသော အစဉ်အလာအတိုင်း ၂၀၂၂ ခုနှစ်၊ ရွှေတိဂုံစေတီတော် ပြက္ခဒိန်ဆိုဒ်ကြီး စောင်ရေ ၁၅၀၀၀ နှင့် ပြက္ခဒိန်ဆိုဒ်သေးစောင်ရေ ၁၅၀၀၀ ရိုက်နှိပ်မည်ဖြစ်ပါသည်။ ပြက္ခဒိန်ရိုက်နှိပ်လိုသူများသည် လုပ်ငန်းဈေးနှုန်းအဆိုပြုလွှာပုံစံ၊ ပြက္ခဒိန်ဆိုင်ရာ အသေးစိတ် အချက်အလက်များနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/-နှုန်း(ကျပ် တစ်သောင်းတိတိ)ဖြင့် ၂၇-၉-၂၀၂၂ ရက်မှ ၃၀-၉-၂၀၂၂ ရက်အထိ ဂေါပကအဖွဲ့ရုံး၊ ဗဟိုသိုလှောင်ရေးဌာန၌ ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်မည့်နေ့နှင့် ဖွင့်ဖောက်မည့်နေ့များမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်-

**တင်ဒါပိတ်မည့်နေ့ - ၁၄-၁၀-၂၀၂၂ ရက် (ကြာသပတေးနေ့) မွန်းမတည့်မီ ၁၁ နာရီ**
**တင်ဒါဖွင့်ဖောက်မည့်နေ့ - ၁၄-၁၀-၂၀၂၂ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ**
**အသေးစိတ်သိရှိလိုပါက ၀၁-၃၇၁၀၈၉၊ ၀၁-၃၈၃၅၀၁ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။**

တင်ဒါကော်မတီ
ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဖားရွှေကျော်လမ်း၊ မြေကွက်အမှတ်(၆၅)၊ မြေအလျားx အနံ (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ဒေါ်လှိုင်လှိုင်ကြူထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မူမူချို ၁၄/ဒဒရ(နိုင်)၀၁၁၈၅၀ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မျိုးရီ ၁၂/ဥကတ (နိုင်)၁၂၀၃၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထားထားနွယ် ၈/ပခက(နိုင်)၁၉၂၉၁၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်ပျိုလမ်း၊ မြေကွက်အမှတ်(၇၁၉)၊ မြေအလျားx အနံ(၄၀'x၆၀') ၊ ၂၄၀၀ စတုရန်းပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဦးတင်မောင်(ISN-၀၃၄၀၂၂)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအာကာမင်း ၁၂/မရက(နိုင်)၁၃၅၇၅၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဦးရန်နိုင်ကျော် ၁၂/ကတတ(နိုင်)၀၀၀၉၃၄၊ ဒေါ်သိင်္ဂီထွန်း ၁၂/ကမန(နိုင်)၀၀၀၀၆၃တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၅၈၁)၊ ဧရိယာ (၄၀ပေx၆၀ပေ) အကျယ်ရှိ ဦးစံအောင် အမည်ပေါက်သည့် နှစ်(၆၀) ဂရန် မြေကွက်အရပ်ခေါ် ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၀) ရပ်ကွက်၊ ဗိုလ်ဂါမဏီလမ်းမြေနှင့် အိမ်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သေး ၁၂/ဥကတ(နိုင်)၁၂၁၃၉၈၊ ဦးကြည်ခိုင် ၅/စကန(နိုင်)၀၀၅၄၄၃ ထံမှ ကျွန်မ အပြီးအပိုင် လွှဲပြောင်းဝယ်ယူ၍ စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်ဝင်းဝင်းစိုး
၁၀/မလမ(နိုင်)၁၂၁၅၂၈
ဖုန်း-၀၉-၅၄၀၇၆၂၆

## ဦးနိုင်လင်းအောင် ၁၂/တကန(နိုင်)၁၃၃၂၄၈-(ဇနီး) ဒေါ်ထွေးထွေးငယ်နှင့် အများသိစေရန်ကြေညာချက်

စလင်းမြို့၊ ဈေးမရပ်နေ ကိုဇော်မင်းထက် ၈/စလန(နိုင်)၁၁၈၉၇၈ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ဦးနိုင်လင်းအောင်-(ဇနီး)ဒေါ်ထွေးထွေးငယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကိုဇော်မင်းထက်သည် စလင်းမြို့၊ ဈေးမရပ်နေ ဦးမြင့်စိုး(ခ)ဦးပေါက်စ၏ တစ်ဦးတည်းကျန်ရှိ အမွေခံသားဖြစ်ပါသည်။ ဦးမြင့်စိုး(ခ)ဦးပေါက်စသည် ၁၅-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားခဲ့ရာ ၎င်းပိုင်မော်တော်ယာဉ်အမှတ်(MDY)7K/9448 2005 Model SUZUKI အမျိုးအစား အဖြူရောင်ကားတစ်စီးနှင့် မွေးဖက်ပေးထားသော ဆိတ် အကောင် ၇၀(နောက်ထပ်တိုးပွားဆိတ်မပါ)ကျန်ရှိခဲ့ပါသည်။

အဆိုပါကားနှင့် ဆိတ်များကို ဦးနိုင်လင်းအောင်နှင့် ဇနီးတို့မှ ၎င်းတို့ ပိုင်ဆိုင်ကြောင်း ပြောဆို၍ ဦးမြင့်စိုး(ခ)ဦးပေါက်စ၏ အမွေခံသား ကိုဇော်မင်းထက်အား ပေးအပ်ခြင်းမရှိဘဲ ထိုကားနှင့်အတူ စလင်းမြို့၊ ဈေးမရပ်မှ စလင်းမြို့နယ်၊ ရုံးပင်ကန်ကျေးရွာအုပ်စု၊ ရုံးပင်ကန်ကျေးရွာသို့ ပြောင်းရွှေ့သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးနိုင်လင်းအောင်နှင့် ဒေါ်ထွေးထွေးငယ်တို့မှ (MDY)7K/9448 ကားနှင့် ဆိတ်အကောင် ၇၀(နောက်တိုးပွား ဆိတ်များမပါ)တို့အား ကိုဇော်မင်းထက်ထံ အပ်နှံရန်နှင့် ဦးနိုင်လင်းအောင်-ဒေါ်ထွေးထွေးငယ်တို့မှ ရောင်းချခြင်း၊ တစ်နည်းနည်း လွှဲပြောင်းခြင်းများရှိခဲ့ပါက အများပြည်သူမှ လက်ခံဆောင်ရွက်ခြင်းမပြုကြရန် ဦးနိုင်လင်းအောင်-(ဇနီး)ဒေါ်ထွေးထွေးငယ်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးမျိုးချစ်၊ LL.B(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
အမှတ်(H-၁၈၂)၊ ၂၅-လမ်းနှင့် ၄ရွှေဝါလမ်းထောင့်၊
မြင်သာရပ်၊ မကွေးမြို့၊ ဖုန်း-၀၉-၄၃၀၅၃၈၈၅

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ လမ်း-၃၀၊ အမှတ်-၁၅၉ (ပထမထပ်/ဘယ်ဘက်) တိုက်ခန်းနှင့်ပတ်သက်၍ ၁၉-၈-၂၀၁၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကန့်ကွက်ကြေညာခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာချက်

ကွယ်လွန်သူမိဘများဖြစ်သည့် ဦးနာဂူးရ်မီရားနှင့် ဒေါ်ဟလီမာတို့ ပိုင်ဆိုင်သော အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဦးအဗ္ဗဒူကရင်(ခ)ဦးအေးမောင်သက်ရှိထင်ရှားရှိစဉ်က အမွေဆိုင်မောင်နှမ (၃)ဦးအား စာချုပ်စာတမ်းဖြင့် အမွေဝေစုထုတ်အမ်းခဲ့ပြီး ကျန်ညီအစ်ကို နှစ်ဦးအား အမွေဝေစုထုတ်အမ်းရန် ကျန်ရှိနေစဉ်ကာလအတွင်း ဦးအဗ္ဗဒူလ်ကာဒရ်(ခ)ဦးခင်မောင်၏သားသမီးများ၊ ဦးအလီယာရ်(ခ)ဦးခင်မောင်လတ်နှင့် အမွေဝေစုရယူပြီးဖြစ်သည့် ဦးအဗ္ဗဒူလ်မုသလစ်(ခ)ဦးလှစိန်တို့က ၎င်းတို့၏ရှေ့နေများမှတစ်ဆင့် ၁၉-၈-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် အမွေဆိုင်များမသိရှိဘဲ ဖော်ပြပါတိုက်ခန်းကို ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် ကန့်ကွက်ကြေညာခဲ့ပါသည်။ ယခုအခါ ဦးအဗ္ဗဒူကရင်(ခ)ဦးအေးမောင်သည်လည်း ကွယ်လွန်သွားခဲ့ပြီးဖြစ်ရာ ၎င်း၏သားတစ်ဦးက အမွေခွဲဝေရန် ကျန်ရှိနေသော အမွေဆိုင် (၂)ဦး၏ ရသင့်ရထိုက်သည့်ဝေစုကို ထုတ်အမ်းပေး၍ တိုက်ခန်းကို အမွေဆိုင်များနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ တရားဝင်လွှဲပြောင်းရယူသွားမည်ဖြစ်ပါသည်။

ထိုသို့အမွေဝေစုများကို သက်ဆိုင်ရာအမွေဆိုင်များသို့ ခွဲဝေပေးအပ်ရန် အချင်းချင်းသဘောတူညီကြပြီးဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်ရန် မရှိပါကြောင်းနှင့် ၁၉-၈-၂၀၁၄ရက်စွဲဖြင့် သတင်းစာတွင် ကြေညာထားခြင်းကိုလည်း ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်း အမွေမခွဲရသေးသည့် အမွေဆိုင်အုပ်စု (၂)စုမှ အမွေဆိုင်များနှင့် အမွေဝေစုရယူပြီးသူ၏ ဆက်ခံသူသားသမီးများက အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးအလီယာရ်(ခ)ဦးခင်မောင်လတ်** | **ဦးမျိုးမြင့်အောင် LL.B** |
| **၂။ ဦးအဗ္ဗဒူလ်မုသလစ်(ခ)ဦးလှစိန်၏ အမွေဆက်ခံသူများ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈/၂၀၀၈)** |
| **၃။ ဦးအဗ္ဗဒူကာဒရ်(ခ)ဦးခင်မောင်၏ အမွေဆက်ခံသူများ** | **အမှတ် -၁၅၃၊ (၅-လွှာ/A)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၅၁၆၉၄၁၉၊ ၀၉-၉၅၅၁၆၉၄၁၉** |

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၁) ဝါယာလက် ဒသမတန်းမှ မဇင်မေသူ၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၁၂/စခန(နိုင်)၁၂၈၁၉၁ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသော်ထက်နိုင် ၈/မကန(နိုင်)၁၉၄၂၅၅ ၏ အခွန်စိမ်းပုံစံ(၁)/ 5E-1824 အတွက် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၉၉၄၄၃၃၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ငွေစက္ကူများကို ရုပ်သိမ်းရန်၊ ဖျက်သိမ်းရန်မရှိ
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသော ငွေစက္ကူများကို ယုံကြည်စွာသုံးစွဲနိုင်ကြောင်း ပြည်သူများအား အသိပေး

### သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေသော ၅,၀၀၀ ကျပ်တန် နှင့် ၁၀,၀၀၀ ကျပ်တန် ငွေစက္ကူနှစ်မျိုးစလုံးကို ရုပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်းမရှိပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ (c) တွင် " နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု" ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်။ သို့ပါ၍ ငွေစက္ကူများကို ရုပ်သိမ်းရန်၊ ဖျက်သိမ်းရန် မရှိပါကြောင်း နှင့် ပြင်ပတွင် ဖြစ်ပေါ်နေသော သတင်းအချက်အလက်များသည် ကောလာဟလများ ဖြစ်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသော ငွေစက္ကူများကို ယုံကြည်စွာ သုံးစွဲနိုင်ပါကြောင်း ပြည်သူများအား အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## တိုကျို - ရန်ကုန် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် အောက်တိုဘာ ၈ ရက်နှင့် ၁၅ ရက်တွင် ပြေးဆွဲမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ပြန်မည့် မြန်မာနိုင်ငံသားများအတွက် တိုကျို - ရန်ကုန် (Relife Flight) ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်ကို အောက်တိုဘာ ၈ ရက်နှင့် ၁၅ ရက်တို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း တိုကျိုမြို့ရှိ မြန်မာသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါလိုသည့် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ အနေဖြင့် လေယာဉ်လက်မှတ် ဝယ်ယူရာတွင် နာရီတာ-ရန်ကုန် တိုက်ရိုက်လက်မှတ်တစ်မျိုးတည်း ဝယ်ယူရန်နှင့် အခြားနိုင်ငံများမှတစ်ဆင့် ဝယ်ယူထားသော အကူးအပြောင်းလက်မှတ်(Transit Air Ticket) ကို လက်ခံမည်မဟုတ်ဘဲ လေယာဉ်လက်မှတ်များကို ANA – International Flights Booking/ ANA Official Site နှင့် ရန်ကုန်မြို့ရှိ ANA ကုမ္ပဏီရုံးဖုန်း (၉၅-၁)၉၂၅ ၅၁၀၀၊ (၉၅-၁)၉၂၅ ၅၁၀၁၊ (၉၅-၁)၉၂၅ ၅၁၀၂ တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ All Nippon Airways လက်မှတ်ကို ဝယ်ယူနိုင်ပြီး လက်မှတ်ဝယ်ယူပြီးပါက ပူးတွဲပါ ဖောင်ပုံစံတွင် ဖြည့်စွက်ကာ Ticket Number နှင့် Reservation Code ပါဝင်သော ANA လေယာဉ်လက်မှတ်မိတ္တူ၊ Passport မိတ္တူ၊ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ကတ်(Zairyuu Card)မိတ္တူတို့ကို မြန်မာသံရုံးအီးမေးလ် flight@myanmar-embassy-tokyo.net သို့ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

## ယနေ့ သတင်းအညွှန်း


စက်တင်ဘာ ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၉၀ တွေ့ရှိ — ထုတ်ပြန်ချက် စာ -၁၅

ကျန်းမာရေးအတွက် ကောင်းတဲ့အဆီနဲ့ မကောင်းတဲ့အဆီ ဘယ်လိုရွေးချယ်ကြမလဲ — ဆောင်းပါး စာ -၁၈

မြန်မာနိုင်ငံသား ၅၄ ဦးအား ချင်းရွှေဟော် နယ်စပ်ဂိတ်မှတစ်ဆင့် လွှဲပြောင်း — ပြည်တွင်းသတင်း စာ -၂၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇက ဘုရားမြောက်ဘက် အပြင်မဟာရံတံတိုင်း ပြိုကျပျက်စီး — ပြည်တွင်းသတင်း စာ -၂၂




အေစီမီလန်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် လီဗာပူးအသင်းသားများ အောင်ပွဲခံနေစဉ်။

## ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွင် လီဗာပူးအသင်း အေစီမီလန်ကို အနိုင်ရ

ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၁) အဖြစ် အုပ်စု (B)မှ ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းနှင့် စီးရီးအေကလပ် အေစီမီလန်အသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အန်းဖီးလ်၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းနှင့် အေစီမီလန်အသင်းတို့သည် အုပ်စု (B) တွင် အက်သလက်တီကိုမက်ဒရစ်၊ ပေါ်တိုအသင်းတို့နှင့် အတူ ကျရောက်နေပြီး အုပ်စုဇယားကို လီဗာပူးအသင်းက ရမှတ်သုံးမှတ်ဖြင့် ဦးဆောင်ထားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ○